★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၆/၂၀၀၇

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်။



"××× တိုင်းရင်းသားလူမျိုးစုအားလုံးက ပြည်ထောင်စုအကျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ ကျမတို့ လွတ်လပ်ရေးရပြီးတဲ့ခေတ်မှာ ဒီတိုင်းပြည်မတိုးတက်တာဟာ ညီညွတ်မှုမရှိလို့ပဲ။ နိုင်ငံသူနိုင်ငံသားများဟာ ကိုယ့်အကျိုးထက် တိုင်းပြည်အကျိုးကို ရှေ့မထားလို့ ကျမတို့ တိုးတက်မှု မရှိခဲ့ဘူးလို့ ထင်ပါတယ်။ တပါတီအာဏာရှင်စနစ် စိုးမိုးသွားရတယ်ဆိုတာလည်း ပြည်သူလူထုဟာ မှန်ကန်တဲ့ နိုင်ငံရေးအသိအမြင်တွေ မရှိလို့ဘဲ ဖြစ်ပါတယ်။ ဒီတော့ နောက်တခါ ထပ်ပြီးတော့ အာဏာရှင်စနစ် မဖြစ်စေချင်ဘူး၊ ကျမတို့ နိုင်ငံကို ဒီမိုကရေစီစနစ်အရ အားလုံး စိတ်ချမ်းသာရေးအတွက် ထူထောင်စေချင်တယ်ဆိုလို့ရှိရင် နိုင်ငံသူ နိုင်ငံသားအားလုံးဟာ ကိုယ့်မှာရှိတဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ဖို့လိုပါတယ်။ နိုင်ငံရေးဆိုတာ အားလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စပါ။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီးတော့ ကြိုးစားဖို့လိုပါတယ်။။။×××"

*(ကချင်ပြည်နယ်ခရီးအတွင်း ၁၉၈၉ခုနှစ် ဧပြီလတွင် မြစ်ကြီးနားမြို့၌ NLD ရုံး၌ ပြောကြားခဲ့သော မိန့်ခွန်းမှ)*

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ်(၇)လနဲ့(၄)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ

၁။ ဗြိတိန်ရှိ နိုင်ငံရေးလေ့လာမှုအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာ နိုင်ငံအထူးဆု ချီးမြှင့်
၂။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြေနယ်မြေ) ထုတ်ပြန်ကြေညာချက်
၃။ ဒေါက်တာမြင့်နိုင် ဖမ်းဆီးမှု အခြေအနေ
၄။ မဂ္ဂင်ဆရာတော်ကို နေရပ် အဓမ္မပြန်ပို့ရန် နအဖအကြံမအောင်မြင်သေး
၅။ သံဃာတော်များကို အကြမ်းဖက်စော်ကားခဲ့သူ သရဏဂုံ တင်ပေးမည့်သူမရှိ
၆။ ဒီမိုကရေစီရေး လှုပ်ရှားသူများ ဆက်လက်ဖမ်းဆီးခံနေရဆဲ
၇။ ဖမ်းဆီးနှိပ်စက်ခံနေရတဲ့ သံဃာတော်တွေကို ထောက်ထားပြီး စာမေးပွဲမဖြေကြဖို့ သံဃာ့ဥသျှောင်အဖွဲ့ တိုက်တွန်း
၈။ သီးလေးသီးမှ လှူရှင်တော်များကို ဖိအားပေးအလုပ်ထုတ်ပြီးမှ ပြန်ခန့်
၉။ တပ်ပေါင်းစုကြီးဖွဲ့စည်းရန် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောတိုက်တွန်း
၁၀။ လက်ကိုင်ဖုန်းများ ကြားဖြတ်နားထောင်ရန် စစ်အစိုးရ တိုးမြှင့်လုပ်ဆောင်
၁၁။ စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုလုပ်ရန် ပြင်သစ်နှင့် အင်္ဂလန် ပြောဆို
၁၂။ ဂန်ဘာရီ ကမ္ဘောဒီယားဝန်ကြီးနှင့် မြန်မာ့အရေးဆွေးနွေး
၁၃။ မြန်မာနိုင်ငံအတွင်း သေဆုံး၊ ဖမ်းဆီးထားမှုတွေ စစ်အစိုးရပြောတာထက် ပိုများလို့ ပင်ညဲရိုးပြော
၁၄။ နှစ်ကုန်ပိုင်းတွင် ဂန်ဘာရီ မြန်မာပြည်သွားလို
၁၅။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် မြန်မာ့အရေးဆွေးနွေးမည်မဟုတ်ဟု ထိုင်းဝန်ကြီးချုပ် ပြော
၁၆။ စည်းလုံး ညီညွတ်ကြရန် (၉၂)နှစ်ပြည့်မွေးနေ့၌ လူထုဒေါ်အမာပြောကြား
၁၇။ [illegible]
၁၈။ ဓါတ်ပုံမှတ်တမ်း

## ဗြိတိန်ရှိ နိုင်ငံရေးလေ့လာမှုအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆု ချီးမြှင့်

**၂၈ နိုဝင်ဘာ ၂၀၀၇ ၊ ဗွီအိုအေ**

နိုင်ငံရေးလောကမှာ ဩဇာတိက္ကမကြီးမားတဲ့ Political Studies Association လို့ခေါ်တဲ့ ဗြိတိန်နိုင်ငံက နိုင်ငံရေးလေ့လာမှုအဖွဲ့ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆု ချီးမြှင့်လိုက်တဲ့အပြင် ဒီတခါ ဆုပေးဖို့ ရွေးချယ်တဲ့နေရာမှာ ထူးထူးခြားခြား ရွေးချယ်ရေးအဖွဲ့ဝင်အားလုံးရဲ့ ကန့်ကွက်မဲမရှိဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဆုပေးရေး တခဲနက် ရွေးချယ်တာကို ကြုံခဲ့ရတယ်လို့ အဲဒီအဖွဲ့ကြီးက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား လန်ဒန်အခြေစိုက် Burma Campaign UK က မဇိုရာဖန်းက အဲဒီဆုကို လက်ခံရယူခဲ့တာ ဖြစ်ပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

ဗြိတိန်နိုင်ငံက နိုင်ငံရေးလေ့လာမှုအဖွဲ့ PSA က လန်ဒန်ပေါလ်မောလ်က ဒါရိုက်တာများအဖွဲ့အစည်းမှာ အင်္ဂါနေ့ နေ့လယ်က ဒီနှစ် နှစ်ပတ်လည်ဆုကို ပေးခဲ့တာပါ။ နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေနဲ့ သတင်း သမားတွေထဲမှာ ၂၀၀၇ ခုနှစ်အတွင်း အထူးခြားဆုံးလို့ သတ်မှတ်နိုင်သူကို ရွေးချယ်ပြီး ဆုပေးပါတယ်လို့ PSA အဖွဲ့ ပြောခွင့်ရ ဆူးဖရတ်စတာက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆု ချီးမြှင့်ဖို့အတွက် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါတယ်လို့ အကဲဖြတ်ရွေးချယ်သူတွေက ပြောပါတယ်။ ဒီလိုရွေးချယ်ရတာကလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ၊ ဖိနှိပ်ချုပ်ချယ်တဲ့ စစ်အစိုးရကို ၁၀ နှစ်ကျော် အကျဉ်းကျခံခဲ့ရပေမယ့် အရှုံးမပေးခဲ့တာတွေဟာ အထူးဂုဏ်ပြုဖို့ ထိုက်တန်တဲ့ အချက်တွေပါလို့ ပြောသွားတာပါ။ ဒါ့အပြင် ဒီနှစ်ရွေးချယ်ရာမှာ အထူးခြားဆုံးက ဒေါ်အောင်ဆန်းစုကြည် ကို ကန့်ကွက်သူမရှိ ရွေးချယ်နိုင်ခဲ့တာ" လို့ ပြောပါတယ်။

**စာမျက်နှာ (၃) ကော်လံ (၁)သို့ ↗**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

ရက်စွဲ။ ။၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်။

## ရဟန်းရှင်လူ၊ ပြည်သူ၊ ကျောင်းသားလူငယ်များအား စစ်အာဏာရှင်တို့၏ ဆက်လက်ဖမ်းဆီးအရေးယူနေမှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ သဘောထား ထုတ်ပြန်ကြေညာချက်

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလအတွင်း စစ်အစိုးရ၏ လောင်စာဆီဈေး တမဟုတ်ချင်း တိုးမြှင့်လိုက်မှုကြောင့် ရိုက်ခတ်လာသော ကုန်ဈေးနှုန်းကြီးမြင့်လာမှုသည် နေ့စဉ် လူမှုဒုက္ခအဝဝအား ကြီးမားဆိုးရွားစွာ ထိခိုက်နစ်နာ လာစေခဲ့ရာမှ မခံမရပ်နိုင်ဖြစ်ခဲ့ကြပြီး၊ ကျောင်းသားလူငယ်အပေါင်းမှ စတင်လျှက် ရဟန်းသံဃာများအဆုံး ပြည်သူလူထု တရပ်လုံး၏ စက်တင်ဘာအုံကြွမှုကြီး ပေါ်ပေါက်ခဲ့ရပေသည်။

အဆိုပါ ရဟန်းသံဃာများဦးဆောင်လျှက် ကျောင်းသားလူငယ်များ၊ ပြည်သူလူထုများ၏ ငြိမ်းချမ်းသော တင်ပြတောင်းဆိုချက်များအပေါ် စစ်အစိုးရမှ ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းသတ်ဖြတ်ခဲ့သည်။ ၎င်းနှိမ်နင်းသတ်ဖြတ် အရေးယူမှုကြောင့် ရဟန်းရှင်လူပြည်သူကျောင်းသား လူငယ်အများအပြား ထိခိုက်ဒဏ်ရာရခဲ့ပြီး၊ အချို့မှာ အသက်ပင် ဆုံးရှုံးခဲ့ကြရသည်။ ထောင်နှင့်ချီ၍ အကြမ်းဖက်ဖမ်းဆီးအရေးယူခံခဲ့ကြရပြီး၊ အချို့မှာ ယနေ့ထက်တိုင် ဖမ်းဆီးနေဆဲ၊ စစ်ဆေးမေးမြန်းနေဆဲ၊ မတရားသဖြင့် အရေးယူအပြစ်ပေးနိုင်ရန်အတွက် ချုပ်နှောင်ထားဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်သူလူထု၏ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းများမှ စာနာထောက်ထား ရပ်တည်လျှက် စစ်အစိုးရအားပြင်းထန်သော ဖိအားပေးတောင်းဆိုမှုများပေါ်ပေါက်လာခဲ့ရာ စစ်အစိုးရသည် ကုလသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုများ စတင်ပြုလုပ်လျှက် ရှိနေသည်ကို တွေ့ရှိရသည်။

အဆိုပါ စတင်တွေ့ဆုံဆွေးနွေးမှုများအား ယနေ့တိုင် စစ်အစိုးရအနေဖြင့် ရိုးသားပွင့်လင်းသော၊ စေတနာ ထက်သန်သော၊ အပြုသဘောချဉ်းကပ်မှုများကို မတွေ့ရဘဲ ဟန်ပြလုပ်ရပ်များအဖြစ်သာ မြင်တွေ့နေရသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အဆိပ်အတောက် လုပ်ရပ်များအဖြစ် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများအကြား သွေးခွဲစည်းရုံးဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နေသည့်အပြင် ကျောင်းသားလူငယ်၊ ရဟန်းပြည်သူများအား အကြမ်းဖက် ဆက်လက်ဖမ်းဆီးအရေးယူမှုများ ဆက်လက်လုပ်ဆောင်နေခြင်းဖြင့် တွေ့ဆုံဆွေးနွေးရေး အပြုသဘော ဖြစ်စဉ်များအား နှောင့်နှေးကြန့်ကြာစေလျှက် မလိုလားအပ်သော ယုံကြည်မှုပျက်ယွင်းခြင်းများ ပေါ်ပေါက်စေပြီး အမျိုးသားအကျိုးစီးပွားနှင့် ဖီလာဆန့်ကျင်နေကြောင်း စစ်အစိုးရ အနေဖြင့် သတိပြုသင့်သည်။

ဤသို့ဖြင့် အချို့သော တိုင်းရင်းသားအင်အားစုများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြား သွေးခွဲစည်းရုံး လုပ်ဆောင်နေမှုများ၊ ရဟန်းပြည်သူကျောင်းသားလူငယ်များအား ဆက်လက်အကြမ်းဖက် ဖမ်းဆီးအရေးယူနေမှုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ အခြေခံဖြစ်သော စစ်မှန်သည့်အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးရေးအား ပျက်ပြယ်စေမည့် အပျက်သဘောလုပ်ရပ်များဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ သုံးသပ် သည်။

စစ်အစိုးရနေဖြင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်တရပ် ပေါ်ထွန်းလာစေရန် ဆန္ဒအမှန်ရှိပါက ရဟန်းရှင်လူ ပြည်သူ ကျောင်းသား လူငယ်များအား ဆက်လက်ဖမ်းဆီးအရေးယူနေမှုများအား အမြန်ဆုံးရပ်တန့်ပြီး၊ ယုံကြည်ချက် ကြောင့် ဖမ်းဆီးခံနေရသော နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လည်လွှတ်ပေး၍ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို သာ အမြန်ဆုံးစတင်ရန် တိုက်တွန်းသည်။

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ဆက်သွယ်ရန် – ဦးမြင့်စိုး
(+66) 08 6204 6023

---

**စာမျက်နှာ (၃) မှ အဆက် ⟶**

အားလုံးဟာ သူမရဲ့ စိတ်ဓာတ်ကို လေးစားတဲ့အနေနဲ့၊ သူမရဲ့ အနစ်နာခံတာကို လေးစားတဲ့အနေနဲ့၊ ဂုဏ်ယူတဲ့အနေနဲ့ ဒီဆုရ တဲ့အချိန်မှာ တို့လည်း ဒေါ်အောင်ဆန်းစုကြည်ကို တတ်နိုင်သလောက်ပံ့ပိုးမယ်၊ ဒေါ်အောင်ဆန်းစုကြည် အနစ်နာခံသလို တို့လည်း တတ်နိုင်သလောက် အနစ်နာခံမယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေနဲ့ ကိုယ်ရည်မှန်းတဲ့ ကိုယ့်တိုင်းပြည် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် အတတ်နိုင်ဆုံးကြိုးစားကြမယ်ဆိုရင် အကောင်းဆုံးနဲ့ မကြာခင်မှာ စစ်မှန်တဲ့ ဒီမိုကရေစီရမယ်လို့ ကျနော့်အနေနဲ့ လေးလေးနက်နက် ယုံကြည်ပါတယ်”။ ■

မျက်နှာဖုံးမှ အဆက် →

"တခါတလေ ဆုရွေးချယ်ရာမှာ အများစုမဲထည့်သူကို ရွေးကြရပေမယ့် ဒီတခါမှာတော့ ဒေါ်အောင်ဆန်းစုကြည် ကျော်လွန်ဖြတ်သန်းခဲ့ရတာတွေကို နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေ၊ သတင်းသမားတွေအားလုံးက နားလည်ခံစားခဲ့ကြရပါတယ်" လို့ ပြောသွားပါတယ်။

PSA အဖွဲ့ကြီးဟာ အတော့်ကိုထူးချွန်တဲ့သူတွေကိုမှ ရွေးပြီး ဆုပေးလေ့ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ပေးအပ်မယ့်ဆုကို ဆွေမျိုးသားချင်းတွေကိုယ်စား လန်ဒန်မှာ မြန်မာ့အရေး ဆောင်ရွက်နေတဲ့ Burma Campaign UK က မြန်မာတိုင်းရင်းသူလေး မဇိုရာဖန်း လက်ခံရယူဖို့အတွက် ဗြိတိန်နိုင်ငံရဲ့ ကွန်ဆာဗေးတစ်ပါတီက ပါလီမန်အမတ် ဂျွန်ဘာဂိုကတဆင့် ပန်ကြားခဲ့ပါတယ်။ ဆုကို ကိုယ်စားတက်ရောက်ယူခဲ့တဲ့ မဇိုရာဖန်းက ဒီဆု ပေးပွဲနဲ့ပတ်သက်ပြီး အခုလို ပြောပါတယ်။

"ဒီနေ့မှာဆိုရင် ဆုပေးပွဲထဲမှာ Master of Ceremonies လုပ်တဲ့လူက ဂျိမ်းစ်မော်ဖီ၊ သူကလည်း စာနယ်ဇင်းသမား၊ တော်တော်နံမယ်ကြီးတဲ့လူပဲ။ ဒီပွဲမှာလာရောက်နေတဲ့လူတွေ တော်တော်များများ မြန်မာ့နိုင်ငံရေးကို တော်တော်လေး စိတ်ဝင်စားလာတယ်၊ ပြီးတော့ ပိုမိုပြီးတော့ လှုပ်ရှားနိုင်အောင် ကျမတို့က အမြဲတမ်းပဲ သူတို့ကို တိုက်တွန်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သြဇာရှိနေတဲ့ လူတွေဆိုတော့ မြန်မာ့အရေးလှုပ်ရှားမှုတွေ သူတို့ပါဝင်လာပြီဆိုရင်တော့ နောက်ဆိုရင် မြန်မာ့အရေးကို တော်တော်လေး လှုပ်ရှားနိုင်မယ့်လူတွေ ပိုများလာမယ်လို့ မျှော်လင့်ထားပါတယ်"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိုယ်စား သွားပြီးတော့ ယူရတဲ့အတွက် မဇိုရာဖန်းရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရပါသလဲ။

"ကျမ ဝမ်းသာပါတယ်။ ပြီးတော့ ဂုဏ်ယူမိပါတယ်။ မြန်မာပြည်ကနေလာတဲ့ အမျိုးသမီးငယ် တယောက်အနေနဲ့ ကျမ တော်တော်လေးကို ပျော်မိပါတယ်။ ကျမ တခုပျော်မိတာကတော့ မြန်မာနိုင်ငံထဲမှာ ဒုက္ခရောက်နေတဲ့ ပြည်သူလူထုတွေအားလုံး၊ တိုင်းရင်းသားလူမျိုးစုတွေအားလုံး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ အတူတကွ လှုပ်ရှားနိုင်ဖို့ ကျမအနေနဲ့ အမြဲတမ်းပဲ မျှော်လင့်နေပါတယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်းတွေကလည်း ကျမတို့နဲ့အတူတကွ တိုက်ပွဲဝင်နေတယ်ဆိုတာလည်း ဒီဆုပေးပွဲက ဖော်ပြနေပါ တယ်။ အဲဒါကြောင့် ကျမ ပျော်မိပါတယ်"

ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)ကို ခိုင်မာတဲ့ရပ်တည်ချက်နဲ့ ဦးဆောင်ခဲ့ပြီး ငြိမ်းချမ်းမှုအတွက်၊ ဒီမိုကရေစီရရှိရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့လို့ ၁၉၉၁ ခုနှစ်မှာ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရခဲ့ရာကနေ နိုင်ငံတကာမှာ စံပြဖြစ်လာခဲ့တယ်လို့လည်း ဆုရွေးချယ်ရေးအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ဆီ ပေးပို့တဲ့စာထဲမှာ ရေးသားထားပါတယ်။

အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) အင်္ဂလန် – ဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က အဲန်အယ်လ်ဒီအဖွဲ့နဲ့ တနိုင်ငံလုံးအတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်လို့ ပြောပါတယ်။

"နိုင်ငံရေးလေ့လာသူများအဖွဲ့ကနေပြီးတော့ စွမ်းဆောင်မှုတွေ လေ့လာပြီးတော့ ရာသက်ပန် အထူးဆုကို ချီးမြှင့်လိုက်တာဟာ အင်မတန်အားကျစရာ၊ အင်မတန် ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စတခု ဖြစ်ပါတယ်။ ကျနော်တို့ ပြည်တွင်းမှာရော၊ ပြည်ပမှာရောရှိနေကြတဲ့ နိုင်ငံသူနိုင်ငံသား

စာမျက်နှာ (၂) သို့ ↗

## ဒေါက်တာ မြင့်နိုင် ဖမ်းဆီးမှုအခြေအနေ

ဒီဗွီဘီ ၊ ၂၉ ၊ နိုဝင်ဘာ ၊ ၂၀၀၇ နန်းခမ်းကယောက်

ရန်ကုန်မှာ ဖမ်းဆီးစစ်ဆေးခဲ့တဲ့ ပူကျင့်ရှင်းထန်ကို ပြန်လွှတ်ပေးပြီး၊ တရက်တည်း အဖမ်းခံရတဲ့ ကန့်ဘာလူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်နိုင်ကို အာဏာပိုင်တွေက ပြန်မလွှတ်ပေးတဲ့အပေါ် မိသားစုတွေ အထူးစိုးရိမ်နေပါတယ်။ ဒေါက်တာမြင့်နိုင်ကို ဘာကြောင့် ဖမ်းဆီးထားတယ်ဆိုတာ အာဏာပိုင်တွေဖက်က အသိမပေးပေမဲ့ ပြည်ပမီဒီယာ ဆက်သွယ်မှုနဲ့ လွှတ်တော် ကိုယ်စားလှယ် (၉၂) ဦးကနေ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းဆီ လက်မှတ်ရေးထိုးမှုနဲ့ ပတ်သက် ဆက်စပ်နိုင်တယ်လို့ ယူဆရတယ်လို့ မိသားစုဝင်နဲ့ နီးစပ်သူတဦးက ပြောပါတယ်။ ဒေါက်တာ မြင့်နိုင်ကို ပြီးခဲ့တဲ့ (၂၀) ရက်က ခဏစစ်ဆေးဖို့ နေအိမ်ကနေ ခေါ်ဆောင် သွားတာဖြစ်ပြီး၊ အခု ရွှေဘိုရဲ့စခန်းမှာ ထိန်းသိမ်းထားတာပါ။ တကယ်လို့ ဒီလက်မှတ်ထိုးမှုနဲ့ ထိန်းသိမ်းထားတယ်ဆိုရင်လဲ ပြီးခဲ့တဲ့လက အင်းစိန်မှာ အဖမ်းခံရစဉ်က သူ့ကို စစ်ဆေးခဲ့ပြီး၊ အပြစ်မရှိလို့ သူ့ကို ပြန်လွှတ်ပေးခဲ့တာပါလို့ တီးတိန်မြို့နယ်လွှတ်တော် ကိုယ်စားလှယ် ပူကျင့်ရှင်းထန်က အခုလို ရှင်းပြပါတယ်။ "ကျနော် အင်းစိန်ထောင် ရှိတုန်းကတော့ စက်တင်ဘာလတုန်းက ခေါ်တဲ့အခါမှာ မေးမြန်းတာတော့ ရှိတယ်။ ဒီတခါတော့ အဲဒါနဲ့ ပတ်သက်လို့ လုံးဝ မရှိဘူး။ ဘာ့ကြောင့်လဲတော့ မသိဘူး။ ကျနော်တို့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ဘန်ကီမွန်းကို ကျနော်တို့ စာရေးတာ အဲဒီ စာရေးတာက ကျနော်တို့ တိုင်းပြည်အရေးတွေကို ကျနော်တို့ ကုလသမဂ္ဂက လာပြီးတော့ ဖြေနေတဲ့ အချိန်အခါမှာ ကျနော်တို့ စိတ်ကူးတာကို ကျနော်တို့ ဒါဒီလို လုပ်ရင်ကောင်းမယ်ဆိုတဲ့ ဥစ္စာကို တင်ပြတာပါပဲ။ အဲဒါက လူတိုင်းမှာ ဒီလို ပြောဖို့ အခွင့်အရေးရှိတယ်လေ။ ဒါဟာ ကျနော်တို့ တိုင်းပြည်အတွက် သူတို့မှာ ကမ္ဘာမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာတွေကို သူတို့က ယူအန်အိုအနေနဲ့ လုပ်ပိုင်ခွင့် ရှိတယ်။ အထူးသဖြင့် ကျနော်တို့ မြန်မာနိုင်ငံမှာ ဖြစ်နေတာကို ကျနော်တို့ အချင်းချင်း ပြေလည်အောင် မလုပ်နိုင်တဲ့အခါမှာ ယူအန်က တာဝန်ယူပြီးတော့ ဖြန်ဖြေပေးဖို့ ကျနော်တို့ သူတို့ဆီမှာ ရောက်နေတဲ့အချိန်မှာ အဲဒီဥစ္စာမှာ ဘန်ကီမွန်းက သူ့ကိုယ်စားဂမ်ဘာရီကို လွှတ်တယ်။ အဲဒီ အချိန်အခါမှာ ကျနော်တို့ တိုင်းပြည်အခြေအနေ ဒီလိုပါဆိုပြီးတော့ တင်ပြတာ ဒါ ကျနော်တို့မှာ ပြောပိုင်ခွင့်ရှိတယ်။ ဒါတော့ သူတို့လဲ ဘာမှတော့ မပြောနိုင်ဘူး။ ကျနော်တို့လဲ အဲဒီတုန်းက စစ်ဆေးတယ်။ ဘာမှ မတွေ့လို့ ပြန်လွှတ်တယ်။ ထင်ရှားနေပြီပဲ။ အခု ထပ်ပြီးတော့ ဖမ်းတာလဲပဲ ဒီဟာနဲ့တော့ ဘာမှ အပြစ် မပြုနိုင်ပါဘူး။ ဖမ်းဖို့လဲ အကြောင်းမရှိပါဘူး။"

ပြီးခဲ့တဲ့အင်္ဂါနေ့က ပြန်လွှတ်လာတဲ့ တီးတိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ပူကျင့်ရှင်းထန် ပြောပြသွားတာ ဖြစ်ပါတယ်။

ဒေါက်တာမြင့်နိုင်ဟာ ရန်ကုန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ထောက်ခံကြိုဆိုမှုနဲ့ တီးတိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ပူကျင့်ရှင်းထန် အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်တွေကို ခေါ်ယူ စစ်ဆေးခံရတဲ့ နေ့တရက်တည်းမှာပဲ ဖမ်းဆီးခံရတာ ဖြစ်ပါတယ်။ ရန်ကုန်မှာ ဖမ်းဆီးစစ်ဆေးခံရသူ အားလုံး ပြန်လွှတ်ပေးပေမဲ့ ဒေါက်တာမြင့်နိုင်ကိုတော့ ထိန်းသိမ်းထားဆဲ

စာမျက်နှာ (၄) ကော်လံ (၁) သို့ ↗

## မဂ္ဂင်ဆရာတော်ကို နေရပ်အစမ္မပြန်ပို့ရန် အာဏာပိုင်များအကြံ မအောင်မြင်သေး

**ဒီဗွီဘီ၊ ၃ ဒီဇင်ဘာ ၂၀၀၇ နော်စေးဖော**

မဂ္ဂင်ကျောင်းတိုက်ဆရာတော်ကို နယ်ပြန်ပို့ရေး အာဏာပိုင်တွေရဲ့ အစီစဉ် အခုထိမအောင်မြင်သေးဘူးလို့ စုံစမ်းသိရှိရပါတယ်။ မဂ္ဂင်ကျောင်းတိုက်ဆရာတော် ကျောင်းတိုက်ကနေ နှင်ထုတ်ခံရတဲ့ သတင်းကို ပြည်သူများက အာရုံစိုက်နေတာကြောင့် အဲဒီလိုဖြစ်နေတာလို့ ဆရာတော်ရဲ့တကာတဦးက ပြောပါတယ်။

ရန်ကုန် သဃ်ာန်းကျွန်းမြို့နယ်က မဂ္ဂင်ကျောင်းတိုက်ကို နိုဝင်ဘာ (၂၉) ရက်မှာ အာဏာပိုင်တွေက အတင်းအကျပ်ချိတ်ပိတ်လိုက်ပြီး သက်တော် (၈၀) ကျော် ယာယီ ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယ၊ အခြားဦးပဥ္စင်းတပါး၊ ကိုရင် (၆) ပါး၊ ကပ်ပိယ (၂) ဦးနဲ့ အေ့စ် ဝေဒနာသည်တွေအားလုံးကို ကျောင်းဝင်း ထဲကနေ မောင်းထုတ်လိုက်ပါတယ်။ ဦးနန္ဒိယ၊ ကိုရင်ငယ် (၃) ပါးနဲ့ ကျောင်းသားတဦးကို ဆရာတော်ရဲ့ဇာတိမြေ မကွေးတိုင်း မြို့သစ်မြို့ကို အတင်းအကျပ် ပြန်ပို့ဖို့ အာဏာပိုင်တွေက စီစဉ်နေတာဖြစ်ပါတယ်။

ပထမအစီစဉ်အရ အဝေးပြေးကားနဲ့ပို့ဖို့စီစဉ်ထားပေမယ့် ဆရာတော်ကို လေးစားသူတွေက ကားဂိတ်မှာလာစောင့်နေတာကြောင့် အဲဒီအစဉ်ကို အာဏာပိုင်တွေက ဖျက်သိမ်းလိုက်တယ်လို့ အထက်ပါ တကာကြီးက ပြောပြပါတယ်။ နောက်တခါ လုံခြုံရေးအပြည့်ပါတဲ့ ကားပေါ်တင်ပြီး ပြန်ပို့ဖို့ စီစဉ်တဲ့ အခါမှာလည်း ဆရာတော်ကိုလေးစားကြည်ညိုသူတွေက လိုက်လံ ကြည့်ရှုနေတဲ့ အတွက် နယ်ပြန်ပို့ရေး အစီစဉ်ကို အခုထိဆိုင်းငံ့ထားဆဲ ဖြစ်ပုံရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အများမမြင်နိုင်လောက်တဲ့ ညဘက်မှာ အတင်းအကျပ်ကားပေါ်တင်ပြီး မဖြစ်ဖြစ်အောင် ပြန်ပို့ ဖွယ်ရှိနေတယ်လို့ အဲဒီတကာကပြောပါတယ်။ ■

---

**ဒေါက်တာမြင့်နိုင်မှ အဆက် →**

ဖြစ်ပါတယ်။ အခုလို ဒေါက်တာမြင့်နိုင်ကို ဆက်လက်ထိန်းသိမ်းထားတဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက အခုလို ဝေဖန်ခဲ့ပါတယ်။ "ကျနော်တို့ ပြောချင်တာကလေ။ အစိုးရက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင်က ဒီအရေးအခင်းကာလနဲ့ ဖမ်းဆီးထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို လွှတ်တယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေလဲ လွှတ်မယ်။ ပြစ်မှုနဲ့ ငြိတာ အရေးအခင်းနဲ့ မပတ်သက်ပဲနဲ့ ပြစ်မှုနဲ့ ငြိတာပဲ ကျန်မယ်ဆိုတဲ့ သဘောပြောတယ်လေ။ ဒေါက်တာ မြင့်နိုင်က ဘာပြစ်မှုမှ မကျူးလွန်ဘူး။ အရေးအခင်းကာလမှာ ရန်ကုန်မှာ လှုပ်ရှားမှုတွေကို လိုက်ကြည့်တယ်။ အန်ကယ်တို့ သိသလောက်ပေ့ါနော်။ အဲတော့ ဒီဉစ္စာ အစိုးရကိုယ်တိုင်က သူ ပြောတဲ့ စကားနဲ့ မညီညွတ်ဘူးလို့ ဒေါက်တာမြင့်နိုင်ကို ဖမ်းဆီးတာနဲ့ ပတ်သက်ပြီး အန်ကယ် အဲဒါ ပြောချင်တယ်။ (၉၂) ဦး ရေးတာကလဲ မိမိတို့ အယူအဆကို မိမိတို့ တင်ပြတာပဲ။ တိုင်းပြည်ကိုသော်လည်းကောင်း၊ ရာဇဝတ်မှုကိုသော်လည်းကောင်း၊ ကျူးလွန်တာ မဟုတ်ဘူး။ အဲဒါပဲ ပြောချင်တယ်" ကန့်ဘလူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်ကို အာဏာပိုင်တွေက ပြန်မလွှတ်ပေးတဲ့အပေါ် အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းရဲ့ ဝေဖန်ချက် ဖြစ်ပါတယ်။ ■

---

## သံဃာများကို အကြမ်းဖက်စော်ကားခဲ့သူအတွက် သရဏဂုံ တင်ပေးမည့်သူမရှိ

**ဒီဗွီဘီ၊ ၂၈ နိုဝင်ဘာ ၂၀၀၇ နော်စေးဖော**

စက်တင်ဘာ သံဃာ့ဆန္ဒပြပွဲအတွင်း သံဃာတော်တွေကို အကြမ်းဖက် ရိုက်နှက်ရာမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ နှုတ်ခမ်းမွေးမောင်မောင်ရဲ့ အသုဘမှာ သံဃာတော်တွေက သရဏဂုံတင် မပေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။ အခုလ (၂၀) ရက်နေ့မှာ နှုတ်ခမ်းမွေး မောင်မောင်ဟာ ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ပြီး၊ အင်းစိန်ဆေးရုံကို တက်လိုက်ရပြီးနောက် သတိပြန်လည် မလာတော့ဘဲ သံဃာတော်တွေကို အကြမ်းဖက် ရိုက်နှက်ခဲ့တာ (၂) လတိတိ ပြည့်မြောက်တဲ့ နိုဝင်ဘာ (၂၆) ရက် မွန်းလွဲ (၁) နာရီ မိနစ် (၂၀) မှာ သေဆုံးသွားတာဖြစ်ပြီး၊ ဒီနေ့ အသုဘချတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

**"သူ သံဃာတွေကို ရိုက်နှက်ခဲ့တာလည်း (၂၆)ရက် (၉)လ တနာရီကျော်မှာပဲ လုပ်ဆောင်ခဲ့တာပါ။ အဲဒီလိုလုပ်ခဲ့ပြီး အခု သေဆုံးချိန် နဲ့ ဆိုရင် (၂) လတိတိပြည့်တဲ့ အချိန် အတိအကျပဲ ဖြစ်ပါတယ်။"**

အာဏာပိုင် အဖွဲ့အစည်းတွေက ကိုမောင်မောင်ရဲ့ အသုဘအတွက် သရဏဂုံတင်ဖို့ လိုက်လံ လျှောက်ထားပေမယ့် ဘယ်သံဃာတော်ကမှ သရဏဂုံတင် မပေးကြောင်း၊ အင်းစိန်မြို့နယ် အာဏာပိုင်တွေနဲ့ မြို့နယ်စွမ်းအားရှင်တွေပဲ အသုဘကို လိုက်ပို့တာတွေ့ရတယ်လို့ တရပ်ကွက်တည်းနေ ပြည်သူတွေက ပြောပါတယ်။

"မပြေလည်တဲ့ အဆုံးကျတော့ သူတို့ဘာလုပ်ရလဲဆိုတော့ အင်းစိန်ကြို့ကုန်းထဲက မင်းကွန်း တောရကျောင်းရှေ့မှာ ဆရာတော်ဘုရားကို သွားလျှောက်တယ်။ 'ဆရာတော်ဘုရား၊ ဒါကိုသရဏ ဂုံတင်ပေးပါ' ဆိုတော့ ဘုန်းကြီးကလည်း မတင်ပေးတဲ့အခါကျတော့ သူတို့ ဘာလုပ်ရလဲဆိုတော့ အဲဒီ ကျောင်းရှေ့ကနေပြီးတော့ ကားနဲ့ ဦးသုံးကြိမ်တိုက်ပြီးတော့မှ ရေဝေးကို ပို့လိုက်ရတယ်" လို့ ဒေသခံတဦးက ပြောပါတယ်။ သံဃာတော်တွေကို နှိမ်နင်းပြီးနောက်ပိုင်း နှုတ်ခမ်းမွေး မောင်မောင်ဟာ သူ့နာမည် မီဒီယာတွေမှာ ပါလာတဲ့အခါ ရုတ်တရက် ရှောင်တိမ်းသွားပြီး၊ တပတ်ခန့်အကြာမှာ နေရပ်ပြန်ရောက်ပြီးနောက် အာဏာပိုင်တွေက သူ့ကို ဂျီအက်စ်အမ် တယ်လီဖုန်း၊ ဝေါကီတော်ကီ စတာတွေပေးပြီး၊ မြှောက်စားခဲ့သေးကြောင်း အခြားဒေသခံတဦးက ပြောပါတယ်။

**"ချက်ချင်း ဝဋ်လည်တာပေ့ါ။ သံဃာတော်တွေကို စက်တင်ဘာ ၂၆၊ ၂၇၊ ၂၈ အထိ နှိမ်နင်းတဲ့ အထဲမှာ သူက တော်တော်ကို တက်တက်ကြွကြွနဲ့ ရှေ့တန်းကပါလာတဲ့ ပုဂ္ဂိုလ်လေ။ ဒီလို ရှေ့တန်းက တက်တက် ကြွကြွ ပါလာတဲ့ပုဂ္ဂိုလ်က (၂) လတောင် မပြည့်သေးဘူး၊ ဒီလို ခံစားရတယ် ဆိုတာက၊ ကျနော်တို့ ဘာသာတရားနဲ့ ကြည့်မယ်ဆိုရင် ဒါ ဘုရားရိုက်တာပေ့ါ။"**

ကိုမောင်မောင်ဟာ ဝေဒနာခံစားနေရစဉ် သူ့အနားရောက်လာတဲ့ ဆရာဝန်တွေကို မမှတ်မိတော့ဘဲ 'သူ့ကို မဖမ်းပါနဲ့ မရိုက်ပါနဲ့' စသည်ဖြင့် ယောင်ယမ်း တောင်းပန်တယ်လို့လည်း အင်းစိန်သားတဦးက ပြောပါတယ်။

**စာမျက်နှာ (၅) ကော်လံ (၁)သို့ ↗**

## ဒီမိုကရေစီရေးလှုပ်ရှားသူများ ဆက်လက်ဖမ်းဆီးခံနေရဆဲ

**၃၀၊ နိုဝင်ဘာ ၊ ၂၀၀၇ ။ ဗွီအိုအေ**

မစ္စတာ ပီညဲရိုးက မြန်မာနိုင်ငံနဲ့ ပက်သက်တဲ့ အစီရင်ခံစာကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ တင်သွင်းဖို့ရှိတာမို့ဒီအစီရင်ခံစာ မတင်သွင်းခင် ဘာသတင်းမှ ကြိုတင် မထုတ်ပြန်ထားသေးဘူးလို့ ပြောပါတယ်။

ကုလသမဂ္ဂ ကိုယ်စားလှယ်တွေ မြန်မာနိုင်ငံရေး ဆောင်ရွက်နိုင်ဖို့ လာရောက်တဲ့အခါမှာ ဖမ်းဆီးမှုတွေ မလုပ်တော့ဘူး ဖမ်းထားသူတွေကိုပြန်ပြီး လွှတ်ပေးမယ်လို့ မြန်မာအာဏာပိုင်တွေက ပြောခဲ့ပေမယ့် အခုလို ဖမ်းဆီးမှုတွေ ရှိနေတာနဲ့ ပက်သက်ပြီး အမေရိကန် ပြည်ထောင်စုက မြန်မာ့အရေး ဆောင်ရွက်နေတဲ့ US Campaign for Burma အဖွဲ့ရဲ့ ပေါ်လစီရေးရာ ဒါရိုက်တာ ဦးအောင်ဒင်က

"ကျွန်တော်တို့ တွေ့နေရတာ နအဖစစ်အုပ်စုက ထုံးစံအတိုင်းပေ့ါ။ အပြောနဲ့ အလုပ်ကတခြားစီ။ တဖက်မှာ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာ ဂမ်ဘာရီကို အဖမ်းအဆီးတွေ ရပ်လိုက်ပါပြီ မဖမ်းတော့ပါဘူး။ ဖမ်းထားတဲ့သူတွေကိုလည်း ပြန်လွှတ်ပေးမယ်လို့ ပြောပါတယ်။ တချိန်ထဲမှာပဲ ဖမ်းဆီးမှုတွေ ဆက်ပြီးတော့ လုပ်နေပါတယ်။ အခုမကြာသေးခင် ကာလအတွင်းမှာကိုပဲ ကျွန်တော်သိရသလောက် ဆိုရင် ငါးယောက်ပေ့ါ။ လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့က ကိုအောင်ဇော်ဦး၊ နိုင်ငံရေး အကျဉ်းသားဟောင်းများဖြစ်ကြတဲ့ ကိုမြတ်စံ၊ ကိုဝင်းမော်၊ ကိုအောင်အောင်၊ မနေ့ကဆိုရင် ကျောင်းသားခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်တဲ့ ကိုတင့်ဆန်းတို့ကို ဖမ်းသွားတာ ရှိတယ်။ မရမ်းကုန်းမြို့နယ် ဝေဇောတရုံကျောင်းတိုက်ကို ဝင်ဆီးလို့ သံဃာတော်တွေ ထွက်ပြေးပြီး တချို့ဆို နယ်စပ်ကို ရောက်ရှိလာခဲ့တယ်။ တချိန်ထဲမှာ နိုင်ငံတကာကို မျက်လှည့်ပြ၊ ဟန်ဆောင်ကတိတွေ ပေးပြီးတော့၊ ပြည်တွင်းမှာလည်း ဒီမိုကရေစီရေးလှုပ်ရှားသူများကို ဆက်ပြီးတော့ နှိမ်နင်းဖို့ ကြိုးစားနေကြပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ နအဖစစ်အုပ်စုရဲ့ အခုလိုမျိုး မရိုးသားမှုတွေအတွက် အင်မတန် စိတ်ပျက်ပါတယ်။ နိုင်ငံတကာ မိသားစုကြီးက အင်နဲ့ အားနဲ့ ဝိုင်းဝန်းပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်စစ်မှန်သော ဆွေးနွေးပွဲတွေ လုပ်ဖို့ တိုင်းပြည်ရဲ့ ပြဿနာတွေကို ငြိမ်းချမ်းစွာ အဖြေရှာဖို့၊ အတိုက်အခံ အင်အားစုများနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ တိုင်းပြည်ရဲ့ ကံကြမ္မာကို ပူးပေါင်း ဆောင်ရွက်ပေးကြဖို့ တောင်းဆိုနေတဲ့အချိန်မှာ နအဖ စစ်အုပ်စု အနေနဲ့ နိုင်ငံတကာ မိသားစုကြီးရဲ့ မေတ္တာ စေတနာတွေကို လက်ခံပြီးတော့ စစ်စစ်မှန်မှန်နဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းတွေကို မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့လိုပါတယ်။ အဲလို ဆောင်ရွက်ဖို့ လိုတာကိုလည်း ကျွန်တော်တို့ သတိပေးချင်ပါတယ်။"

ဒီမိုကရေစီရေး လှုပ်ရှားတဲ့ သူတွေကို ထပ်ပြီးတော့ ဖမ်းဆီးနေတာတွေနဲ့ ပက်သက်ပြီး မစ္စတာပီညဲရိုး စာတင်မယ့် ကိစ္စမှာရော ဒါတွေက ရိုက်ခတ်မှု ရှိလာမယ်လို့ ထင်ပါလား။

"အများကြီးရှိပါတယ်။ နအဖစစ်အုပ်စုရဲ့ အပြောနဲ့ အလုပ်မညီတဲ့ ဖြစ်ရပ်တွေအတွက် ကုလသမဂ္ဂ အထူးသံတမန်များ ဖြစ်ကြတဲ့ မစ္စတာပီညဲရိုးကရော မစ္စတာ ဂမ်ဘာရီကပါ စိတ်ပျက်နေတာကို အတိအလင်း ဖော်ထုတ်ပြီးသား ဖြစ်ပါတယ်။ မစ္စတာ ဂမ်ဘာရီ ဆိုလို့ရှိရင်လည်း အခု အာရှတိုက်နိုင်ငံတွေကို လှည့်လည်နေတယ်။ မကြာခင်သူ နယူးယောက်ကို ပြန်လာပြီးတော့ သူ့ရဲ့ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ ပြန်လည် ဆွေးနွေးတိုင်ပင်ပြီးတော့ မြန်မာနိုင်ငံကို နောက်တခေါက် ပြန်သွားဖို့ ကြိုးစားမယ်။ မစ္စတာ ပီညဲရိုး ဆိုလိုရှိရင်လည်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှာ ဒီဇင်ဘာ ၁၁ရက်နေ့မှာ မြန်မာနိုင်ငံနဲ့ ပက်သက်ပြီး သူ့ရဲ့ အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။ ဆိုတော့ လက်ရှိ နအဖ စစ်အုပ်စုရဲ့ အပြောနဲ့အလုပ်မညီတဲ့ ဖြစ်ရပ်တွေ နိုင်ငံရေး လှုပ်ရှားသူတွေကို ဆက်လက်ပြီး ဖမ်းဆီးချုပ်နှောင်နေတဲ့ ကိစ္စတွေဟာ သူ့ရဲ့အစီရင်ခံစာ အထင်အရှား ထင်ဟပ် ပေါ်လွင်စေမှာ ဖြစ်သလို လူ့အခွင့်အရေး ကောင်စီရဲ့ နောက်ဆက်တွဲ အရေးယူမှုတွေကိုလည်း မြင်တွေ့ရလိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ တချိန်ထဲမှာပဲမစ္စတာ ဂမ်ဘာရီ အနေနဲ့လည်း လုံခြုံရေးကောင်စီကို သူ့ရဲ့ ခရီးစဉ် တိုးတက်မှုတွေကို တင်ပြရင်း၊ တဖက်မှာလည်း မြန်မာနိုင်ငံအတွင်းမှာ ရှေ့မတိုးနိုင်တဲ့ ဖြစ်ရပ်တွေ၊ နအဖစစ်အုပ်စုရဲ့ ကတိ ပျက်ကွက်မှုတွေကို သူတင်ပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီ ကုလသမဂ္ဂ အထူးသံတမန် နှစ်ယောက်စလုံးက မြန်မာနိုင်ငံစစ်အစိုးရကို စိတ်ပျက်နေတဲ့အတွက်ကြောင့်မို့လို့ သူတို့က တဆင့် သက်ဆိုင်ရာ လုံခြုံရေးကောင်စီနဲ့ လူ့အခွင့်အရေး မြန်မာ့အရေး ကိစ္စကို ပိုပြီးတော့ ကြီးမားတဲ့ဖိအားပေးမှုတွေ ပေါ်လာအောင် ဆက်လက်ဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။"

အခုလိုမျိုး မြန်မာနိုင်ငံတွင်းက ဒီမိုကရေစီရေး လှုပ်ရှားနေသူတွေကို ဆက်ပြီးဖမ်းဆီးနေတာတွေ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေကို အနှောက်အယှက်ပေးနေတာတွေကို အမေရိကန်ပြည်ထောင်စုအနေနဲ့ ကန့်ကွက်ရှုံ့ချကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရှောင်မက်ကွန်းမက်က မနေ့က ကြေညာချက်တစောင် ထုတ်ပြန်လိုက်ပါတယ်။ မြန်မာစစ်အာဏာပိုင်တွေအနေနဲ့ ဘုန်းကြီးကျောင်းတွေကို ချိတ်ပိတ်နေတယ်ဆိုတဲ့ သတင်းဟာ အတော်လေး ကသိကအောက် ဖြစ်စရာပဲလို့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ ဒီလိုဖိနှိပ်မှုတွေဟာ စစ်အစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ပါ့မယ့်ဆိုတဲ့ စကားနဲ့လဲ ကွဲလွဲနေတယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂ အနေနဲ့က နိုင်ငံရေး လှုပ်ရှားသူတွေကို ဖမ်းဆီးမှုတွေ လုပ်နေတာအားလုံးကို ရပ်ပစ်ဖို့ တောင်းဆိုထားပါတယ်။ အခုလို လှုပ်ရှားသူတွေကို ဆက်ပြီး ဖမ်းဆီးမှုတွေ ဆက်ပြီးလုပ်နေတယ်ဆိုတာဟာ မြန်မာနိုင်ငံကို ဒီမိုကရေစီရေး အသွင်းပြောင်းဖို့ တွေ့ဆုံဆွေးနွေးရေးတွေလုပ်မယ်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ကြေညာမှုအပေါ်မှာ မေးခွန်းထုတ်စရာတွေ ဖြစ်လာတယ်လို့လည်း နိုင်ငံခြားရေး ဌာနက ကြေညာချက်မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားနိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးဖို့ ကိုလည်း အမေရိကန်ပြည်ထောင်စုကနေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တောင်းဆိုကြောင်း ဖော်ပြထားပါတယ်။ ဒါမှသာ မြန်မာနိုင်ငံမှာ အရပ်သားဒီမိုကရေစီ အစိုးရတရပ်ဖြစ်လာဖို့ အတွက် ဒီမိုကရေစီ အင်အားစုတွေ တိုင်းရင်းသား လူနည်းစုတွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အခြေအနေတွေ ဖြစ်လာမယ်လို့ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ■

---

**စာမျက်နှာ (၄) အဆက် ⟶**

"မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တွေကို ကျနော်တို့ ဘာသာအရဆိုရင် ပြစ်မှားတယ်။ ရိုက်နှက်တယ်၊ ညှဉ်းဆဲတယ်။ မလုပ်သင့်တဲ့ အလုပ်တွေ သူခံစားသွားရတယ်။ မသေခင်မှာဆိုရင် သူဟာ ကြောက်လန့်တကြား ဖြစ်ခဲ့တယ်။ မကောင်းတဲ့အကုသိုလ် တန်ပြန်တယ်လို့ အဓိပ္ပာယ် ရတယ်" ။■

# ဖမ်းဆီးနှိပ်စက်ခံနေရတဲ့ သံဃာတော်တွေကို ထောက်ထားပြီး စာမေးပွဲမဖြေကြဖို့ သံဃာ့ဥရှောင်အဖွဲ့ တိုက်တွန်း

**၂၉၊ နိုဝင်ဘာ၊ ၂၀၀၇၊ ဗွီအိုအေ**

စစ်အစိုးရက နေဦးစီးကျင်းပမယ့် ပါဠိပထမပြန်နဲ့ ဓမ္မစရိယ စာပြန်ပွဲတွေကို ဝင်ပြီးတော့မဖြေဆိုပဲ စစ်အစိုးရကို အဆက်အဆံမလုပ်တဲ့ ပတ္တနိက္ကုဇ္ဇ သပိတ်မှောက်ကံဆောင်မှုကို မြန်မာသံဃာတော်တွေ ဆက်ပြီး လုပ်ဆောင်ဖို့သသနာ့ဥရှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များ အဖွဲ့ချုပ်က မကြာခင်ကပဲ ထပ်မံတိုက်တွန်းတာပါ။

အဲဒီအဖွဲ့က စစ်အစိုးရမဟုတ်တဲ့ အရပ်ဖက်စာပြန်ပွဲတွေကို အဓိကထား ဖြေဆိုကြဖို့ကိုလည်း သံဃာတွေကို တိုက်တွန်းနေပါတယ်။ အခုလိုမျိုး အစိုးရစာပြန်ပွဲကို ကန့်ကွက် သပိတ်မှောက်ကြမယ်ဆိုရင် စာဖြေ သံဃာတော်တွေအတွက် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိနိုင်မလဲ ဆိုတာနဲ့ ပတ်သက်လို့ သာသနာ့ဥရှောင်အဖွဲ့က အတွင်းရေးမှူး ကိုယ်တော် တပါးဖြစ်တဲ့ အရှင်ဂုဏိသရကို ကိုကျော်အောင်လွင်က မေးမြန်း လျှောက်ထားပါတယ်။

အခုလိုမျိုး စစ်အစိုးရက ကျင်းပပေးဖို့ စီစဉ်နေတဲ့ ပါဠိပထမပြန် စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုခြင်းအားဖြင့် မြန်မာသံဃာတော်တွေ ကံဆောင်ထားတဲ့ ပတ္တနိက္ကုဇ္ဇန ကံဆောင်မှုနဲ့ ဘယ်လိုလွဲချော်မှုတွေ၊ ဘယ်လို ညီညွတ်မှု တွေရှိတယ်ဆိုတာကို ရှင်းပြပေးပါဘုရား –

“အခု ဦးပဉ္စင်းတို့ အကယ်၍များ သံဃာတော်တွေက လျှောက်လွှာတွေ တင်ပြီးတော့ အစိုးရ ပထမပြန်စာမေးပွဲနဲ့ ဓမ္မစရိယ စာမေးပွဲကို ဖြေကြမယ်ဆိုလို့ရှိရင် ဦးပဉ္စင်းတို့ ပတ္တနိက္ကုဇ္ဇနကံ ပြုထားတဲ့ဟာနဲ့ ရှေ့နောက်မညီတော့ဘူး ဖြစ်သွားပါလိမ့်မယ်။ ထို့အတူပဲ ထောင်ထဲမှာ ယနေ့ရောက်နေတဲ့ ဦးပဉ္စင်းတို့ ညီတော် နောင်တော် ရဟန်းတော်တွေ၊ တိမ်းရှောင်နေရတဲ့ ရဟန်းတော်တွေ၊ ရဲဖက်စခန်းမှာရောက်နေရတဲ့ ရဟန်းတော်တွေကို ဦးပဉ္စင်းတို့ စော်ကားရာလည်း ရောက်ပါတယ်။ ဒါကြောင့် စစ်အစိုးရက ဒီနှစ်ကျင်းပမယ့် စာမေးပွဲကို ကန့်ကွက်တာက ပတ္တနိက္ကုဇ္ဇနကံနဲ့ ညီညွတ်ပါတယ်။ အကယ်၍ မကန့်ကွက်ပဲနဲ့ သွားဖြေမယ်ဆိုလို့ရှိရင် ပတ္တနိက္ကုဇ္ဇနကံနဲ့ မညီညွတ်ပါဘူး။ ရှေ့နောက် ကွဲလွဲနေပါတယ်။ ဦးပဉ္စင်းတို့ အတူတူ မေတ္တာပို့ခဲ့တဲ့ တိုင်းပြည်အတွက်၊ အမျိုးဘာသာ သာသနာအတွက်၊ မေတ္တာပို့ခဲ့တဲ့ ဆရာတော်၊ သံဃာတော်တွေ ယနေ့ ထောင်ထဲမှာ ရောက်နေ တယ်။ အဲဒီဆရာတော်တွေကို စာနာသောအားဖြင့် စစ်အစိုးရကျင်းပမယ့် ဒီနှစ်စာမေးပွဲကို ဦးပဉ္စင်းတို့ လုံးဝ သပိတ်မှောက်ရမှာပါ။ မမှောက်ဘူးဆိုလို့ ရှိရင် ငါတို့ကတော့ လွတ်လပ်နေတာပဲ၊ ငါတို့ကတော့ ဒီအခွင့်အရေးလေးကို ရအောင်ယူမယ်ဆိုလို့ရှိရင် ခုနကညီတော် နောင်တော်တွေ၊ ထောင်ထဲက သံဃာတော်တွေကို၊ ဒကာ ဒကာမတွေ၊ ကျောင်းသားတွေကိုဦးပဉ္စင်းတို့တွေက သူတို့မျက်နှာကို အိုးမဲသုတ်ရာရောက်ပါတယ်။ အဲဒီတော့ ပတ္တနိက္ကုဇ္ဇနကံကို ထောက်ခံတဲ့ အနေနဲ့ ဒီနှစ် စစ်အစိုးရရဲ့ကျင်းပမယ့် ပါဠိပထမပြန်စာမေးပွဲကို ကန့်ကွက်ဖို့လိုပါတယ်။”

အစိုးရက ကြီးမှူးကျင်းပတဲ့၊ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပတဲ့စာမေးပွဲတွေကို မဖြေခြင်းဟာ သံဃာတော်တွေအတွက် ဘယ်လိုအန္တရာယ်မျိုး ရှိပါသလဲဘုရား –

“သူတို့လက်ရှိ ဦးပဉ္စင်းသိထားတဲ့ဥပဒေအရတော့ မဖြေတဲ့အတွက် မအောင်တာပဲရှိမယ်။ မအောင်တဲ့အတွက် အရည်အချင်းကလည်း ဘာမှလဲ လျော့မသွားဘူး။ အရည်အချင်းရှိနေရင် ဖြေဖြေ မဖြေဖြေ သူတို့က ပညာတတ်နေတာပဲ။ အဲဒီတော့ အန္တရာယ်အနေနဲ့ ဘာရှိနိုင်လဲဆိုတော့ အခု လောလောဆယ် သူတို့ထုတ်ထားတဲ့ဥပဒေအရဆိုရင်တော့ မဖြေတဲ့အတွက် ဖမ်းရမယ်။ ဆီးရမယ်ဆိုတဲ့ ဥပဒေ ဘာမှမရှိဘူး။ ဒါပေမယ့် သူတို့ ထပ်ညစ်ပြီးတော့ တခါတည်း ထပ်ပြီးတော့ ပါးစပ်က ထွက်လာတဲ့ ဥပဒေထုတ်မယ်ဆိုရင်တော့ ဒါက မပြောတတ်ဘူး။ သိတဲ့အတိုင်း ဗမာအစိုးရက သူတို့လုပ်ချင်ရာ လုပ်တာ၊ တိုင်းပြည်ကို၊ သံဃာတော်ကို၊ သာသနာကို၊ လူထုကို လုပ်ချင်တိုင်း လုပ်နေတာ ဆိုတော့။”

တင်ပဲ့ါဘုရား၊ စာမေးပွဲမဖြေရေး၊ ဖြေရေးကိစ္စ၊ ဘယ်လောက်အထိ သံဃာတော်တွေအနေနဲ့ လုပ်ကြမယ်လို့ အရှင်ဘုရားတို့ မျှော်လင့်ထားပါလဲဘုရား –

“သံဃာဆိုတာက ညီညွတ်တဲ့အဖွဲ့အစည်းတခုပါပဲ၊ ဗုဒ္ဓလက်ထက်ကနေ ယနေ့အချိန်အထိ။ အဲဒီတော့ သူတို့ရဲ့ ဆန္ဒတွေကို ဦးပဉ္စင်းတို့ ကြားရ၊ မြင်ရ၊ သိရတဲ့အခါမှာ သူတို့ရဲ့ဆန္ဒအားလုံးက မစိုးရိမ်တိုက်တို့၊ ရန်ကုန်က စာသင်တိုက်ကြီးတွေတို့၊ ပခုက္ကူက စာသင်တိုက်ကြီးတွေကနေပြီးတော့ တညီတညွတ်ထဲ အစိုးရ စာမေးပွဲကို မဖြေဖို့ ထောက်ခံလိုက်မယ်၊ မဖြေဖို့ဘက်ကို သူတို့က လုပ်လိုက်ကြမယ်ဆိုလို့ရှိရင် တတိုင်းပြည်လုံးကလည်း အကုန်လုံး ညီညွတ်သွားမှာပါ။ သထုံစာမေးပွဲ၊ မြင်းခြံစာမေးပွဲ၊ မော်လမြိုင်က စာမေးပွဲ၊ တခြားတခြားမြို့တွေမှာရှိတဲ့ သာမဏေတွေနဲ့ ပတ်သက်တဲ့ စာမေးပွဲတွေရှိသေးတယ်။ အဲဒါတွေကနှစ်စဉ် ပုံမှန် သူတို့လတွေနဲ့ သူတို့ အစီအစဉ်စွဲပြီးတော့ ကျင်းပတာပါ။ အသင်းတခုနဲ့တခုတော့ မတူပါဘူး။”

ဆိုတော့ အဲဒီစာမေးပွဲတွေက ပုံမှန် အခုအချိန်အထိ ကျင်းပနေတုန်းပဲ ဆိုတော့ အခု ဒီစာမေးပွဲတွေကို ဝင်ဖြေခြင်းအားဖြင့်လည်း သံဃာတော်တွေအတွက်၊ စာသင်ကိုယ်တော်တွေအတွက် ဘာမှ အကျိုးယုတ်စရာမရှိဘူးပေါ့ –

“ဟုတ်တယ်၊ ဒီစာမေးပွဲတွေကို ဖြေခြင်းအားဖြင့် သံဃာတွေ ဒီစာမေးပွဲတွေကို အောင်သွားလို့ရှိရင်လည်း အစိုးရက အသိအမှတ်ပြုတာ မပြုတာ အရေးမကြီးဘူး၊ ဘာဖြစ်လို့လည်း ဆိုတော့ ဦးပဉ္စင်းတို့ လူထုက အသိအမှတ်ပြုတယ်၊ အသင်းတွေက အသိအမှတ်ပြုတယ်၊ နိုင်ငံတကာက အသိအမှတ်ပြုတယ်။”

မြန်မာသံဃာတော်တပါးအနေနဲ့ သာသနာရေးက စာမေးပွဲကို မဖြေဘူးဆိုရင် ထိခိုက်မှုမရှိပါဘူး။ သူ့ ဥပဒေနဲ့ ညစ်ပတ်ပြီးတော့ မဖြေရင် သေနတ်နဲ့ပစ်မယ်ဆိုရင်တော့၊ မဖြေရင်ဖမ်းမယ်ဆိုရင်တော့ ဒါက တမျိုးပေါ့ဗျာ။ လက်ရှိဥပဒေအရဆိုရင် စာမေးပွဲမဖြေတာဟာ ကိုယ့်ရဲ့လွတ်လပ်စွာ ရွေးပိုင်ခွင့်ပဲဆိုတော့ ဘာအပြစ်မှမရှိပါဘူး၊ စာမေးပွဲမဖြေတာ။ ဒီစာမေးပွဲမဖြေတဲ့အတွက် ဒီပြင် အသင်း စာမေးပွဲတွေ ဖြေမယ်ဆိုလို့ရှိရင်လည်း မြန်မာတတိုင်းပြည်လုံးက နေပြီးတော့ အသိအမှတ်ပြုပါတယ်။ ဥပမာဆိုကြပါစို့၊ ဆရာ့ဆီက စာမေးပွဲ အောင်တယ်ဆိုလို့ရှိရင် ဆရာ့ဆီက စာမေးပွဲကိုပဲကြည့်တယ်၊ အစိုးရစာမေးပွဲလောက်ကို သူတို့က စာရင်းထဲမထဲ့တော့ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ ဆရာ့ဆီက စာမေးပွဲအောင်ပြီးရင် ဗမာပြည်မှာ စာမေးပွဲအောင်ပြီးပြီလို့ သတ်မှတ်တာကိုး။ သတ်မှတ်တဲ့အတွက်

**စာမျက်နှာ (၇) ကော်လံ (၁)သို့ ↗**

## သီးလေးသီးမှ လူရွှင်တော်များကို ဖိအားပေးအလုပ်မှထုတ်ပြီးမှပြန်ခန့်

**၂၀၀၇၊ ၁၁၊ ၂၉ အာအက်ဖ်အေ**

နိုဝင်ဘာ ၂၄နဲ့ ၂၅ ရက်တွေမှာ ဖျော်ဖြေခဲ့တဲ့ ဆေးရောင်စုံနဲ့ သီးလေးသီးအငြိမ့်က လူရွှင်တော်တွေကို အာဏာပိုင်တွေဘက်က ဖိအားပေးပြီး ပြီးခဲ့တဲ့ အင်္ဂါနေ့က အလုပ်ထွက်ခိုင်းခဲ့ပေမယ့် နိုဝင်ဘာ ၂၈ရက် မနေ့က အဲဒီအလုပ်ထွက်စာတွေကို ပြန်ပေးပြီး အလုပ်ပြန်ခန့်ထားလိုက်ပါတယ်။

ပြီးခဲ့တဲ့ စနေ တနင်္ဂနွေနိုဝင်ဘာ ၂၄နဲ့ ၂၅ ရက်နေ့တွေမှာ ဖျော်ဖြေခဲ့တဲ့ဆေးရောင်စုံနဲ့ သီးလေးသီးအငြိမ့်က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်းထမ်းတွေဖြစ်တဲ့ ပန်းသီး၊ ဇီးသီး၊ ကြယ်သီးတို့ကို နိုဝင်ဘာ ၂၇ရက် အင်္ဂါနေ့မှာဖိအားပေးပြီး အလုပ်ကနေနုတ်ထွက်စာ တင်ခိုင်းတဲ့အတွက် သူတို့သုံးဦးစလုံး တရားဝင်လက်မှတ်ထိုး အလုပ်ထွက်ခဲ့ရတာပါ။ ဒါပေမဲ့ မနေ့က နိုဝင်ဘာ ၂၈ရက် နေ့လည်ပိုင်းမှာပဲ ယဉ်ကျေးမှုဝန်ကြီးဌာန သက်ဆိုင်ရာညွှန်ကြားရေးမှူးက အဲ့ဒီလူရွှင်တော်တွေရဲ့ အလုပ်ထွက်စာတွေကို ပြန်ပေးခဲ့ပြီး အလုပ်ကို မူလအတိုင်းပဲ ဆက်လုပ်ဖို့ ပြောကြားခဲ့ပါတယ်။

သီးလေးသီးက လူရွှင်တော်စိန်သီးကတော့ မနှစ်က ၂၀၀၆ခုနှစ်ကတည်းက အလုပ်ထွက်ထားသူဖြစ်ပါတယ်။ မကြာခင်ရက်ပိုင်းက ကျင်းပခဲ့တဲ့ မျှော်စင်ကျွန်းနဲ့ အင်းစိန်က အငြိမ့်ပွဲတွေအပြီး သီးလေးသီး လူရွှင်တော်တွေအပါအဝင် လူရွှင်တော်ကင်းကောင်၊ ကျော်ထူးနဲ့ ဂေါ်ဇီလာတို့ကိုလည်း အာဏာပိုင်တွေက မေးမြန်းစစ်ဆေးတာတွေ လုပ်ခဲ့ပါတယ်။

အဲ့ဒီ အငြိမ့်ဖျော်ဖြေပွဲတွေမှာ ရိုက်ကူးထားတဲ့ ဗီဒီယိုအခွေကိုလည်း တောင်းနေခဲ့တာပါ။ ရန်ကုန်တိုင်းက သက်ဆိုင်ရာအာဏာပိုင်တွေ၊ အကြီးအကဲတွေက ဒီအငြိမ့်ပွဲတွေနဲ့ ပတ်သက်ပြီး စုံစမ်းမေးမြန်းဖို့တရားဝင် ညွှန်ကြားထားတယ်လို့လည်း သိရပါတယ်။ ဒီအငြိမ့်ပွဲတွေမှာ အစိုးရအပေါ် ဝေဖန်တဲ့ ပြက်လုံးတွေ၊ ပြည်သူလူထုရဲ့ လူနေမှုဘဝကို ရောင်ပြန်ဟပ်တဲ့ ပြက်လုံးတွေနဲ့ ဖျော်ဖြေခဲ့ကြတာပါ။ အငြိမ့်ပွဲတွေမှာ ဖျော်ဖြေခဲ့တဲ့ ရပ်ပြစ်အပါးတရာ၊ ရန်သူမျိုး သုံးပါး စတဲ့ ပြက်လုံးတွေကို ရေးသားသူဘယ်သူလည်းဆိုတာကို သက်ဆိုင်ရာက စုံစမ်းနေတာဖြစ်ပါတယ်။■

---

**စာမျက်နှာ (၆) မှအဆက် →**

အစိုးရစာမေးပွဲလိုဟာမျိုးကို၊ နဲနဲနိမ့်တဲ့ဟာမျိုးကို သူတို့က သိပ်ပြီးတော့ ကြည့်စရာမလိုတော့ဘူး၊ ဆရာ့ဆီက အောင်ပြီးရင်။ မစိုးရိမ်တိုက်မှာဆိုရင် ဆရာ့ဆီက အောင်မှ စာချဘုန်းကြီး ခန့်တာကိုး။ အကယ်၍ အစိုးရဆီက ဓမ္မစရိယလေး အောင်ယုံနဲ့ စာချဘုန်းကြီး မခန့်ဘူး။ ဆိုတော့ အဲဒါကိုပဲ ကြည့်ပါ။ အဲဒီတော့ ဆရာ့ဆီကလို၊ အမျိုးသားစာမေးပွဲတွေ၊အဆင့်မြင့်တာတွေက ဦးပဥ္ဇင်းတို့တိုင်းပြည်မှာ အများကြီးပါပဲ။"

အဲဒါဆိုလို့ရှိရင် ပတ္တနိက္ကုဇ္ဇနကံဆောင်မှုတွေနဲ့ ဒီလိုမျိုးအရပ်ဖက် ဖြေဆိုမှုတွေက ညီညွတ်တယ်ပေါ့ –

"ညီညွတ်တယ်၊ ညီညွတ်တယ်၊ ဆန့်ကျင်ဖက် ဘာမှမရှိပါဘူး။"

သာသနာ့ဥရှောင်အဖွဲ့က အတွင်းရေးမှူးကိုယ်တော်တပါးဖြစ်တဲ့ အရှင်ဂုနိသရကို ဦးကျော်အောင်လွင် ကမေးမြန်း လျှောက်ထားခဲ့တာ ဖြစ်ပါတယ်။ ■

---

## တပ်ပေါင်းစုကြီးဖွဲ့စည်းရန် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော တိုက်တွန်း

**၃ ဒီဇင်ဘာ ၂၀၀၇၊ ခေတ်ပြိုင်**

ဒီမိုကရေစီတိုက်ပွဲအတွက် ကျယ်ပြန့်သည့် တပ်ပေါင်းစုကြီး တရပ် ဖွဲ့စည်းလုပ်ဆောင်ရန် နိုင်ငံရေးအင်အားစုများနှင့် လူမျိုးစုခေါင်းဆောင်များအား ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက ယနေ့ကျရောက်သည့် ၎င်း၏ (၈၈) နှစ်မြောက်မွေးနေ့၌ တိုက်တွန်းသည်။

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက "တိုင်းပြည်နဲ့ပြည်သူတွေကို ချစ်တယ်ဆိုရင် အတိတ်တွေအားလုံး၊ အမြင်မတူတာ တွေအားလုံး ဘေးဖယ်ပြီး အလွန်ကြီးမားကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးတရပ် ပေါ်လာအောင် ကြိုးစားကြပါ။ အခုအချိန်ဟာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် နိုင်ငံတကာက ထောက်ခံမှုကို မရစဖူး အကြီးအကျယ်ရနေချိန်၊ ပြည်သူတွေရဲ့ နိုင်ငံရေးစိတ်ဓာတ် အရှိန်မြင့်နေချိန်၊ ဒီအခွင့်ကောင်းကိုဆုပ်ကိုင်ပြီး သဘောထားကြီးကြီးထားပြီး စည်းလုံးညီညွတ်ရေးရအောင် ကြိုးစားကြပါ" ဟု မွေးနေ့အမှတ်တရ ဖြန့်ဝေသည့်စာ၌ ပြောကြားထားသည်။

ပြီးခဲ့သည့် စက်တင်ဘာအရေးအခင်းအတွင်း သံဃာတော်များအား စစ်တပ်၏ ရိုက်နှက်သတ်ဖြတ်မှုများနှင့် ခေတ်အဆက်ဆက် တပ်မတော်က လူထုကို သွေးချောင်းစီးသတ်ဖြတ် အနိုင်ကျင့်မှုများကို ပြစ်တင်ရှုတ်ချလိုက်ပြီး အကြမ်းဖက်ဖြေရှင်းသည့်နည်းကို စွန့်လွှတ်၍ တွေ့ဆုံဆွေးနွေး အဖြေရှာသည့် နည်းလမ်းဖြင့် လုပ်ဆောင်ရန် မြန်မာစစ်ခေါင်းဆောင်များနှင့် စစ်သည်အားလုံးကို ၎င်းက တောင်းဆိုသည်။

ဒီမိုကရေစီနှင့်လွတ်မြောက်ရေးအတွက် ပြည်သူလူထု၏ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်မှုကို ထောက်ခံကြောင်းနှင့် အားမလျှော့ဘဲ ဆက်လက်ကြိုးစားသွားရန်လည်း ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက လူထုကို အားပေးစကား ပြောကြားသည်။

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဗမာ့တပ်မတော်ကို စတင်တည် ထောင်စဉ်က ပါဝင်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်တဦးဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများ၌ ပါဝင်ဆင်နွှဲခဲ့ပြီး လွတ်လပ်ရေးရအပြီး ပြည်တွင်းစစ်နှင့် တရုတ်ဖြူကျူးကျော် စစ်ပွဲများအတွင်း တပ်မတော်ခေါင်းဆောင်တဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၁၉၅၇ ခုတွင် ဖဆပလအစိုးရက ဗိုလ်မှူးချုပ်ကျော်ဇောကို တပ်မတော်မှအငြိမ်းစားပေးခဲ့သဖြင့် တပ်မတော်မှ အနားယူခဲ့ပြီး လက်ရှိအချိန်၌ တရုတ်နိုင်ငံ ကူမင်းမြို့၌ နေထိုင်လျက်ရှိသည်။ ■

## လက်ကိုင်ဖုန်းများ ကြားဖြတ်နားထောင်ရန် စစ်အစိုးရ တိုးမြှင့်လုပ်ဆောင်

**ကြည်ဝေ၊ နိုဝင်ဘာ ၂၉။ ၂၀၀၇၊ ရေဝတီ**

စစ်အစိုးရက ဂျီအက်စ်အမ် လက်ကိုင်ဖုန်းများကို ကျယ်ကျယ်ပြန့်ပြန့် ကြားဖြတ် နားထောင်နိုင်ရန်အတွက် စီမံကိန်းတရပ် ချမှတ်ဆောင်ရွက်လျှက် ရှိကြောင်းသိရသည်။

အထက်ပါ စီမံကိန်းအတွက် လိုအပ်သော ပစ္စည်းများကို နိုဝင်ဘာလအတွင်းတွင် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းကာ စမ်းသပ်အသုံးပြုလျှက်ရှိသည်ဟု ဆက်သွယ်ရေးဌာန အရာရှိများနှင့် နီးစပ်သူတဦးက ပြောသည်။

"ဂျီအက်စ်အမ် ဖုန်းထဲကနေ နိုင်ငံရေးစကားနဲ့ ပတ်သက်တာဘာမှမပြောပါနဲ့။ ပြောတဲ့ ဖုန်းနံပါတ်ကို မှတ်တမ်းတင်ထားပြီး ပြန်လိုက်လိမ့်မယ်"ဟု တယ်လီဖုန်း အိတ်ချိန်းရုံးတရုံးမှ အရာရှိ တဦးကလည်း ပြောသည်။

မြန်မာနိုင်ငံတဝန်း လက်ရှိအသုံးပြုနေသော ဂျီအက်စ်အမ်ဖုန်း အလုံးပေါင်း ၂ သိန်း ဝန်းကျင်ခန့်ရှိပြီး အစိုးရက ပိတ်ထားသော ဂျီအက်စ်အမ်ဖုန်း အလုံး ၈၀ ကျော်ရှိကြောင်း ဆက်သွယ်ရေးရုံး မှတ်တမ်းများအရ သိရသည်။

စစ်အစိုးရ အာဏာပိုင်များက လွန်ခဲ့သော စက်တင်ဘာလ ၁၀ ရက်နေ့ ညနေပိုင်းမှ စတင်၍ အကြောင်းပြချက် မရှိဘဲ အထက်ပါ ဂျီအက်စ်အမ်ဖုန်းများကို ပိတ်ပစ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အပိတ်ခံရသည့် ဖုန်းများတွင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ။ အန်အယ်လ် ဒီအဖွဲ့ဝင်တချို့ အပါအဝင် သတင်းထောက်များနှင့် ထိုရက်ပိုင်းအတွင်း ဂျီအက်စ်အမ်ဖုန်းနှင့် နိုင်ငံရေးအကြောင်းပြောသူတချို့၏ ဖုန်းများပါဝင်သည်ဟု အထက်ပါ တယ်လီဖုန်း အိတ်ချိန်းရုံးအရာရှိက ပြောသည်။

ဖုန်းပိတ်ထားခြင်းနှင့် ပတ်သက်၍ ဆက်သွယ်ရေးဝန်ကြီးဌာနသို့ စာတင်ထားသော်လည်း ယခုချိန်အထိ အကြောင်းပြန်ကြားခြင်း မရှိဟု ရန်ကုန်အခြေစိုက် သတင်းထောက် တဦးက ပြောပြသည်။

"ခုလောက်ဆို ဖုန်းတွေ ပြန်ဖွင့်ပေးသင့်ပြီ ကျနော်စာတင်ထားတာကိုလည်း ဘာမှအကြောင်းမပြန်တဲ့အပြင် သွားမေးတော့လည်း အထက်က ဘာအမိန့်မှ မကျသေးလို့ပါလို့ပဲ ပြန်ဖြေတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ လက်ကိုင်ဖုန်းကို ၃၂သိန်းနှင့် ဝယ်ယူထားရခြင်းဖြစ်သောကြောင့် ယခုကဲ့သို့ အပိတ်ခံထားရသည်မှာ မတရားအလုပ်ခံထားရခြင်းပင် ဖြစ်သည်ဟုလည်း သတင်းထောက်က ပြောဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာ လဆန်းက ဟံသာဝတီ တယ်လီဖုန်းရုံးသို့ ကျပ်၂ သိန်း သွင်း၍ အသနားခံစာတင်ရမည် ဆိုသောကြောင့် သွားရောက်လုပ်ဆောင်ပါသော်လည်း ၎င်း၏ဖုန်းကို ယခုအချိန်အထိ ပြန်ဖွင့်မပေးသေးကြောင်း နိုင်ငံခြား သင်္ဘောသားဟောင်းတဦးက ပြောပြသည်။ ■

ကျောဖုံးမှ အဆက် →

ဘာတတ်နိုင်မှာတုန်း။ ဒီလိုပဲခံရမှာပေါ့၊ **အိုသည်ဖြစ်စေ ပျိုသည်ဖြစ်စေပေါ့နော် လုပ်စရာတွေကတော့ ရှေ့မှာရှိတယ်ဟော့၊ အဲဒါအကုန်လုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့လုပ်နိုင်ရင် တို့သက်သာမှာပဲ၊ အမှတ်တရ အမေတော့ ဒါပဲပြောချင်တယ်"** ဟုခေတ်ပြိုင်သို့ မွေးနေ့အမှတ်တရစကား ပြောကြားသည်။

စာရေးဆရာကြီးများဖြစ်သည့် ဒဂုံတာရာ။ ဒေါ်ခင်ဆွေဦး။ ဒေါ်ကလျာနှင့် ၈၈ မျိုးဆက် ကျောင်းသားများအပါအဝင် နိုင်ငံရေးအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များ မလာရောက်နိုင်သည့်အတွက် ယခင်နှစ်များထက် မွေးနေ့ပွဲလာရောက်သူနည်းပါးသည်ဟု ဒေါ်အမာ၏သားဖြစ်သူ ကိုညီပုလေးက ပြောသည်။

၎င်းက "ခါတိုင်းနှစ်တွေထက်စာရင် လူသိပ်မလာဘူး၊ အကြောင်းအမျိုးမျိုးနဲ့ မလာနိုင်ကြတာ၊ တချို့လာနေကျ လူတွေက အထဲရောက်သွားကြတာတွေရှိတဲ့အတွက် မလာနိုင်ကြတာရှိတယ်၊ အာဏာပိုင်တွေ နှောင့်ယှက်တာတော့မရှိဘူး၊ ခြေချင်းတော့ လိမ်နေတာပေါ့ခင်ဗျ၊ အနှောင့်အယှက်တစုံတရာ ပေးတာမျိုးတော့ မတွေ့ရပါဘူး၊ လာတက်တဲ့လူစာရင်းကို လာတောင်းတာ တွေ့ရတယ်" ဟုပြောသည်။

ယခင်က နှစ်စဉ် လူထုဒေါ်အမာမွေးနေ့ရောက်တိုင်း အမရပူရရှိ တောင်လေးလုံးကျောင်းတိုက် မြန်မာနိုင်ငံအနှံ့၌အပြားမှ စာပေချစ်မြတ်နိုးသူများလာရောက်၍ စာပေရေးရာ ဆွေးနွေးဖလှယ်လေ့ရှိသော်လည်း အာဏာပိုင်များ၏ချုပ်ချယ်မှုကြောင့် ယမန်နှစ်မှစ၍ မကျင်းပနိုင်တော့ကြောင်း သိရသည်။

လူထုဒေါ်အမာသည် ကိုလိုနီခေတ်ကတည်းက နယ်ချဲ့ဆန့်ကျင်ရေး သပိတ်မှောက်ကျောင်းသူ တဦးအဖြစ်ပါဝင်ခဲ့ပြီး ဘဝတလျှောက်လုံး ပြည်သူ့ဘက်မှရပ်တည်ကာ အကျိုးပြုစာပေများ ရေးသားထုတ်ဝေခဲ့သဖြင့် လူထုက ချစ်ခင်လေးစားကြသည်။

လက်ရှိအချိန်၌လည်း ကလျာ။ ရွှေအမြုတေစသည့် လစဉ်ထုတ်မဂ္ဂဇင်းများတွင် အခါအားလျော်စွာ စာပေများ ဆက်လက်ရေးသားနေဆဲဖြစ်ပြီး အလွမ်းပြေမှတ်စုများအမည်ရှိ ဆောင်ပါးပေါင်းချုပ် စာအုပ်ထုတ်ဝေရန် ကြိုးပမ်းနေကြောင်းသိရသည်။

ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့၌လည်း လူထုဒေါ်အမာကို ချစ်ခင်လေးစားသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက ဒေါ်အမာ၏ အသက် (၉၂) နှစ်ပြည့် မွေးနေ့ပွဲအခမ်းအနားတခု ယနေ့ညနေပိုင်းတွင် ကျင်းပရန်စီစဉ်လျက်ရှိသည်။ ■

## ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ် ကွယ်လွန်သူမိခင်ဈာပန ပို့ခွင့်မရဘဲ ကန်တော့ခွင့်ရ

**၃၊ဒီဇင်ဘာ၊ ၂၀၀၇။ ဗွီအိုအေ**

ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဌေးကြွယ်ရဲ့ ကွယ်လွန် သူမိခင်ဈာပန ဒီကနေ့ကျင်းပခဲ့ပါတယ်။ မိခင်ရဲ့နောက်ဆုံးဈာပနကို လိုက်ပါပို့ဆောင်ခွင့် မရပေမယ့် စောစောပိုင်း ကတော့ အာဏာပိုင်တွေက ကွယ်လွန်သူမိခင်ကို ကန်တော့ဖို့ ကိုဌေးကြွယ်ကို ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။ အကြောင်းစုံကို ကိုအောင်လွင်ဦးက တင်ပြထားပါတယ်။

**စာမျက်နှာ (၁၁) သို့↗**

## စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုလုပ်ရန် ပြင်သစ်နှင့် အင်္ဂလန် ပြောဆို

**ဥာဏ်မောင်၊ ဒီဇင်ဘာ ၃၊ ၂၀၀၇၊ ရိုးမ ၃**

ကုလသမဂ္ဂမှ ကြားဝင်ဆောင်ရွက်မှုပြုလုပ်နေဆဲကာလတွင် စစ်အစိုးရအား ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် ပြင်သစ်နှင့် အင်္ဂလန်ဝန်ကြီးချုပ်နှစ်ဦးကပြီးခဲ့သည့် စနေနေ့က ပြောဆိုခဲ့သည်။

စစ်အစိုးရက ကုလကြားဝင်ဆောင်ရွက်မှုအပေါ် နှောင့်နှေး ကြံ့ကြာမှုနှင့် တဖက်သတ် သဘောထားများ ထုတ်ပြန်နေခြင်းများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုကဲ့သို့ ကမ္ဘာ့ခေါင်းဆောင်နှစ်ဦး၏သဘောထား ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ဒီအချိန်မှာ စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲကို လုပ်သင့်ပြီ" ဟု အတိုက်အခံပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားပါတီအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူမျိုးစု ခေါင်းဆောင် များကို ရည်ညွှန်း၍ မစ္စတာဆာကိုဇီနှင့် မစ္စတာဘရောင်းတို့က International Herald Tribune သတင်းစာသို့ စာရေးသား ပေးပို့ခဲ့ သည်။

ခေါင်းဆောင်နှစ်ဦးထောက်ပြသော အချက်မှာ "လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပျက်စီးယိုယွင်းနေ သော အခြေအနေများ" သည် တိုင်းပြည်တွင် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ အကြာတွင် မြန်မာပြည်သူတို့၏ ဆုံးရှုံးနစ်နာမှု ပေးဆပ်ရမှု ပြယုဂ်များ ဖြစ်နေသည်ဟု ထောက်ပြထားသည်။ ထို့အပြင် "မကြာသေးမီက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် မြန်မာပြည်သူတို့၏ အလွန်ကြီးမားသော ကန့်ကွက် ဆန္ဒပြမှုကြီးသည် အာဏာပိုင်တို့ အုပ်ချုပ်မှု အဆုံးသတ်စေရန် တွန်းအား ပေးလိုက်ခြင်း ဖြစ်သည်"ဟု ရေးသားထားသည်။

ပြီးခဲ့သည့် သံဃာနှင့် လူထုလှုပ်ရှားမှုကို စစ်အစိုးရက အကြမ်းဖက် နှိမ်နင်းခဲ့ခြင်းကို ရည်ညွှန်းကာ သွေးစွန်းသော စက်တင်ဘာ နှိပ်ကွပ်မှုအတွင်း စစ်အစိုးရ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ဆန္ဒပြသူ အနည်း ဆုံး ၁၅ ယောက် သေဆုံးပြီး ၃၀၀၀ ကျော်ဖမ်းဆီးခံခဲ့ရကြောင်း နိုင်ငံတကာမှ စွဲချက်တင်ထားခြင်းကို တိုးမြှင့်အရေးယူဖိအားပေးရန်လည်း ရေသားထားသည်။

"ပြီးတော့ သူတို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးလုပ်ပြီး အခြားပါတီများ၊ လူမျိုးစု တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်း လေးလေးနက်နက် လုပ်ဆောင်ရမယ်"ဟု ပြင်သစ်နှင့် အင်္ဂလန် ဝန်ကြီးချုပ်နှစ်ဦးက ဆိုသည်။

စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မကြာသေးမီကပင် နိုင်ငံတော် ရှေ့ဆက် သွားမည့် မူ (၇) ချက်အတိုင်းသာ ဆက်လက် လုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့ပြီးနောက် ပြီးခဲ့သည့်လ (၃၀) ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံ။ ဖနွမ်းပင်မြို့တွင် အလည်အပတ် ရောက်ရှိနေသူ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း ၎င်းတို့ ရေးဆွဲထား သည့် ဖွဲ့စည်းပုံအတိုင်းသာ အကောင်အထည်ဖော်သွားမည်ဟု ပြောဆိုခဲ့ သည်။ ယခုလ (၂) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာက ၂ နှစ် ကြာ ဆောက်လုပ်နေသည့် နေပြည်တော်အဆောက်အဦးများတွင် နောင် ဖြစ်ပေါ်လာမည့် အစိုးရအတွက် အဆောက်အဦးများ ထည့်သွင်း ဆောက်လုပ်ထားပြီးဖြစ်၍ အလည်အပတ်လာရောက်ရန် ကမ္ဘောဒီးယား နိုင်ငံ၊ ခေတ္တအကြီးအကဲ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌအား ပြောကြားခဲ့သည် ကို ဖော်ပြထားသည်။■

## ဂမ်ဘာရီ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာအရေး ဆွေးနွေး

**၂၀၀၇၊၁၁၊ ၂၉၊ အာအက်ဖ်အေ**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီဟာ ကမ္ဘောဒီးယားနိုင်ငံကို နိုဝင်ဘာ ၂၉ရက် ဒီနေ့ ရောက်ရှိသွားပြီး မြန်မာနိုင်ငံအရေးကို ကမ္ဘောဒီးယားအစိုးရ အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်။

မစ္စတာ ဂမ်ဘာရီဟာ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာနမ်ဟွန်နဲ့ တွေ့ဆုံခဲ့ပြီး ဆွေးနွေးပွဲအပြီးမှာ ကမ္ဘောဒီးယားဝန်ကြီးက မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂ အဖွဲ့တို့ကပဲ ပူးပေါင်းလက်တွဲပြီး လုပ်ကိုင်သွားကြရမှာ ဖြစ်တယ်လို့ ပြောသွားပါတယ်။ မစ္စတာ ဂမ်ဘာရီကတော့ အခုဆွေးနွေးမှု ဟာ အကျိုးရှိပါတယ်လို့ ပြောပါတယ်။

စောစောပိုင်းကတော့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ဝန်ကြီးချုပ် မစ္စတာဟွန်စင်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းဆီက မြန်မာ့အရေးနဲ့ ပတ်သတ်တဲ့ ပေးစာတစောင်လည်း ပါလာတယ်လို့ ပြောပါတယ်။

လေဆိပ်မှာ မစ္စတာဂမ်ဘာရီကို လာကြိုတဲ့ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်မစ္စတာဘိုရစ်သ်က မိမိတို့နိုင်ငံဟာ ဒေသဆိုင်ရာ ပြဿနာတွေဖြေရှင်းရေးမှာ အမြဲတမ်း ကူညီပါဝင်ခဲ့ပါတယ်။ မြန်မာအရေး ဖြေရှင်းရေးမှာလည်း အာဆီယံ အဖွဲ့ဝင်တနိုင်ငံအဖြစ်နဲ့ ကူညီသွားမှာဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီဟာ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဟွန်စင်နဲ့တော့ တွေ့ဆုံဆွေးနွေးဖို့ မရှိဘူးလို့ ပြောသွားပါတယ်။■

---

**ထိုင်းဝန်ကြီးချုပ် ပြောဆိုချက်အဆက် →**

အထူးကိုယ်စားလှယ်ကိုလည်း မြန်မာနိုင်ငံကို စေလွှတ်ခဲ့ပြီးဖြစ်တယ်" ဟုပြောသည်။

သို့သော် ဝန်ကြီးချုပ် စူရာယွတ်က မြန်မာ့အရေး ပြဿနာ အဆုံးသတ်စေရန် ကုလသမဂ္ဂဦးစီးပြီး တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံတို့ ပါဝင်သော ဒေသတွင်း ဆွေးနွေးပွဲတခု ကျင်းပရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနှင့် ယခင်လ တွေ့ဆုံစဉ်က အဆိုပြုခဲ့သည်။

ယင်းသို့အဆိုပြုခြင်းသည် သက်ဆိုင်သူအားလုံးအား ဆွေးနွေးပွဲစကားဝိုင်းသို့ ရောက်ရှိလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မစ္စတာ စူရာယွတ်က ပြောသည်။

မစ္စတာ ဘန်ကီမွန်းသည် ယခုနှစ် ဇန်နဝါရီတွင် ကိုဖီအာနန်ထံမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို လွှဲပြောင်းယူပြီးနောက် ထိုင်းနိုင်ငံသို့ လာရောက်သည့် ပထမဦးဆုံး ခရီးစဉ်ဖြစ်သည်။ ■

**✻ဓမ္မသည် အဓမ္မကို နိုင်မြဲ။✻**

## မြန်မာနိုင်ငံအတွင်း သေဆုံး၊ ဖမ်းဆီးထားမှုတွေ စစ်အစိုးရပြောတာထက်ပိုများလို့ ပင်ညဲရိုး ပြော

**၂၉၊ နိုဝင်ဘာ ၊၂၀၀၇၊ ဗွီအိုအေ**

မြန်မာနိုင်ငံကနေ မကြာခင်ကပြန်လာသူ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးမှူးက မြန်မာစစ်အစိုးရဟာ နိုင်ငံရေးအကျဉ်းသားတွေကို သူတို့ဝန်ခံတာထက် ပိုပြီး ထိန်းသိမ်းထားတယ်လို့ သူယုံကြည်ကြောင်း ပြောကြားပါတယ်။

ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသူတွေကို စစ်အစိုးရက အကြမ်းဖက်နှိပ်ကွပ်ခဲ့ပြီးတဲ့နောက် ၉၃ ဦးသာ ထိန်းသိမ်းထားတယ်လို့ စစ်အစိုးရက တရားဝင် ပြောဆိုတာကို သူ့အနေနဲ့သံသယရှိကြောင်း ပေါ်လိုဆာဂျီယိုပင်ညဲရိုး က (Rhodes Island) ရတ်ဒ် အိုင်းလန်း ပြည်နယ် ပရိုဗီးဒန့်စ် (Providence) မြို့ရှိ ဘရောင်းတက္ကသိုလ် ပရိတ်သတ်ကို ပြောကြားပါတယ်။ မစ္စတာ ပင်ညဲရိုးက သူ့ရဲ့ (၅) ရက်ကြာ အချက်အလက်ရှာဖွေရေး ခရီးစဉ်အတွင်း နောက်လကျရင် ဂျနီဗာမြို့ရှိ လူ့အခွင့်အရေးကောင်စီကို တင်ပြပါလိမ့်မယ်။

မြန်မာစစ်အစိုးရက စက်တင်ဘာလအတွင်း လူ (၁၅) ယောက်သေဆုံးပြီး ၃,၀၀၀ နီးပါးကို ဖမ်းဆီးခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့် သံတမန်တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက အရေအတွက်ဟာ စစ်အစိုးရပြောတာထက် ပိုများတယ်လို့ ပြောပါတယ်။

မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဖမ်းဆီးမှုတွေ ရပ်ဆဲမယ်လို့ နိုဝင်ဘာလအစောပိုင်းက မြန်မာနိုင်ငံမှာ ရောက်ရှိနေသူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘရာဟမ် ဂမ်ဘာရီကို ပေးခဲ့လင့်ကစား ဆက်လက်ဖမ်းဆီးမှုတွေ ရှိနေသေးတယ်လို့ (Amnesty International) နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းကိစ္စတွေ ဆွေးနွေးဖို့ ဒီကနေ့ ကမ္ဘောဒီးယားနိုင်ငံကို မစ္စတာဂမ်ဘာရီ ရောက်ရှိမယ်လို့ ကုလမသဂ္ဂ အရာရှိတွေက ပြောပါတယ်။ နောက်တနေ့ ကမ္ဘောဒီးယားနိုင်ငံကိုရောက်ရှိမယ့် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ သူတွေ့ဆုံမယ့် ကြေညာချက်ကိုတော့ ထုတ်ပြန်ခြင်းမရှိပါဘူး။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ထိုင်းနိုင်ငံကို ဒီဇင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်နေ့မှာ သွားရောက်ဖို့ စီစဉ်ထားရာမှာ ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ် ချူလာနွန့် က အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ ထိုင်းနိုင်ငံကို ပထမဆုံးလာရောက်တဲ့ ခရီးစဉ်အတွင်း မြန်မာ့အရေးဆွေးနွေးမှာမဟုတ်ဘူးလို့ ဗုဒ္ဓဟူးနေ့က ပြောကြားပါတယ်။

မြန်မာ့အရေးကိစ္စအစား ကုလသမဂ္ဂဌာနတွေနဲ့ ထိုင်းနိုင်ငံအကြား ဆက်ဆံရေးကို ဦးစားပေး ဆွေးနွေးမှာဖြစ်တယ်လို့ မြန်မာ့အရေးကို နယူးယောက်ရှိ ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာ အပြည့်အစုံ ဆွေးနွေးခဲ့ပြီး ဖြစ်တယ်လို့ ဆူရာယုဒ် က ပြောဆိုကြောင်း ထိုင်းနိုင်ငံထုတ် သည်နေရှင်း (The Nations) သတင်းစာက ဖော်ပြပါတယ်။

ကုလသမဂ္ဂဌာနချုပ် ဗုဒ္ဓဟူးနေ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာတော့ လက်ထောက်ပြောခွင့်ရက ဘန်ကီမွန်းနဲ့ ဝန်ကြီးချုပ် ဆူရာယုဒ် အကြား ဘာတွေကို ဆွေးနွေးနိုင်တယ်ဆိုတာကို ကြိုတင်ပြောဆိုဖို့ မဖြစ်နိုင်သေးပေမယ့် မြန်မာနိုင်ငံအရေး ထည့်သွင်းဆွေးနွေးနိုင်တယ်ဆိုတာကိုတော့ သတင်းထောက်တွေကို ပြောကြားသွားပါတယ်။ ■

## နှစ်ကုန်ပိုင်းတွင် ဂန်ဘာရီ မြန်မာပြည်သွားလို

**ဉာဏ်မောင်၊ နိုဝင်ဘာ ၂၈၊ ၂၀၀၇၊ ရိုးမ**

ကုလအထူးကိုယ်စားလှယ် မစ္စတာ ဂန်ဘာရီသည် ယခုနှစ်ကုန်တွင် မြန်မာပြည်သို့ သွားလိုကြောင်း ပြီးခဲ့သည့် တနင်္လာနေ့တွင် ပြောကြားသည်။ စက်တင်ဘာလှုပ်ရှားမှုအား စစ်အစိုးရက အကြမ်းဖက်ဖြိုခွဲပြီးနောက် တတိယအကြိမ် မြန်မာပြည်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ဒီနှစ်မကုန်ခင် သွားနိုင်လိမ့်မယ်လို့ ကျနော်ရိုးသားစွာ မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျနော် ရှေ့ဆက်လုပ်ရမဲ့ အလုပ်တွေ အများကြီး ရှိနေပါသေးတယ်" ဟု ဗီယက်နန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသူများအား လွှတ်ပေးနေပါသည်ဟု စစ်အစိုးရအနေဖြင့် ကြေညာနေသော်လည်း နောက်ထပ် ဖမ်းဆီးနေမှုများနှင့် ပတ်သက်၍ မစ္စတာဂန်ဘာရီက ရပ်တန့်သွားလိမ့်မည်ဟု သူမျှော်လင့်ကြောင်းလည်း ပြောဆိုခဲ့သည်။

စစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ရခိုင်ပြည်နယ် မောင်းတောမြို့တွင် မစ္စတာဂန်ဘာရီနှင့်ပတ်သက်၍ ပြောဆိုခဲ့ရာ

"အီဗရာဟင်ဂန်ဘာရီဟာ နိုင်ငံရေးအကျဉ်းသား ၂၀ ဦးရဲ့ စာရင်းယူလာပြီး သူတို့ကို အမြန်ဆုံးလွှတ်ပေးဖို့ တောင်းဆိုတယ်။ ဒ့ါအပြင် သူဟာနိုင်ငံရေးအကျဉ်းသား ၁၀ ဦးနဲ့ တွေ့ဆုံခွင့်ပေးဖို့ တောင်းဆိုတယ်။ ဒါပေမဲ့ ကျနော်တို့က သူ့ကိုခွင့်မပြုခဲ့ဘူး။ ဒါပေမဲ့ ကျနော်တို့က သူ့ကို အစိုးရထိပ်တန်းအရာရှိ ၅ ဦးနဲ့ တွေ့ဆုံခွင့်ပေးခဲ့တယ်။ ဒါကိုသူက မကျေနပ်ဘူး"ဟု ပြောခဲ့သည်။

ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ ၎င်းတို့အနေဖြင့် မည်သည့် နိုင်ငံတကာဖိအားပေးမှုကိုမျှ လက်မခံနိုင်ကြောင်း ပြည်ပအသံလွှင့်ဌာနများ ထုတ်လွှင့်မှုများကို မယုံကြည်ရန် ပြောဆိုခဲ့ပြီး အဆိုပါအစည်းအဝေးသို့ ဌာနဆိုင်ရာအသီးသီးမှ အရာရှိ ၁၅၀ ဦး တက်ရောက်ခဲ့သည်။ ■

## ကုသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် မြန်မာ့အရေး ဆွေးနွေးမည် မဟုတ်ဟု ထိုင်းဝန်ကြီးချုပ်ပြော

**The Nation/ Bangkok ၂၈ နိုဝင်ဘာ ၂၀၀၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ထိုင်းနိုင်ငံသို့ လာရောက်စဉ် မြန်မာနိုင်ငံအရေးကို ဆွေးနွေးမည်မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ် စူရာယွတ်ချူလာနွန်က ပြောသည်။

မစ္စတာဘန်ကီမွန်းသည်ထိုင်းနိုင်ငံသို့ ဒီဇင်ဘာ (၉)မှ (၁၁)ရက်အထိ လာရောက်မည်ဖြစ်ပြီး ထိုင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးမည်ဖြစ်သည်။ ယင်းသို့ လာရောက်ချိန်တွင် မြန်မာနိုင်ငံ၏ အခြေအနေကို ဆွေးနွေးမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံကိစ္စကို နယူးယော့ခ်တွင် ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်စူရာယွတ်က ပြောသည်။

၎င်းက "ဒီကိစ္စကို ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အသေးစိပ် ဆွေးနွေးခဲ့ပြီးဖြစ်တယ်။ ပြီးတော့ ကုလသမဂ္ဂ

**စာမျက်နှာ (၉) ကော်လံ (၂)သို့ ↗**

# သတင်းအကျဉ်းချုပ် ကဏ္ဍ

## ရန်ကုန်မှ ပိုစတာတိုက်ပွဲ

**ဒီဗွီဘီ ၊ ၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၇ မောင်တူး**

ရန်ကုန်မြို့၊ နေရာအတော်များများမှာ ကျောင်းသားတွေက ပိုစတာတိုက်ပွဲတွေ ဆက်လက်ပြုလုပ်နေတယ်လို့ သိရပါတယ်။ ရန်ကုန်၊ မြောက်ဥက္ကလာပမြို့မှာ မနေ့ မနက်စောစောက ပိုစတာတွေ ဖြန့်ကျဲခဲ့ကြပါတယ်။ တရုတ်၊ ကုလားအားကိုး စစ်ဘီလူး အစိုးရ ဖြုတ်ချကြ။ တိုင်းနိုင်ငံ တဝိုက် ဒေါင်းအလံတွေ ပြန်စိုက်မယ်စတဲ့ စာသားတွေကို ပိုစတာတွေမှာ ရေးသားထားပြီး၊ အောက်ခြေမှာ မြောက်ဥက္ကလာပမြို့ မျိုးဆက်သစ် ကျောင်းသားများဆိုပြီး ရေးသားထားကြောင်းလဲ ဒေသခံတဦးက ပြောပါတယ်။ အဆိုပါ ပိုစတာတွေကို မြောက်ဥက္ကလာမြို့နယ် မယကရုံးရှေ့နဲ့ တခြား လမ်းဆုံ လမ်းခွတွေမှာ ဖြန့်ကျဲသွားခဲ့ပြီး၊ နောက်ပိုင်းမှာ အာဏာပိုင်တွေက လိုက်လံသိမ်းဆည်းနေတယ်လို့ မြို့ခံတဦးကလဲ ပြောပြပါတယ်။ အခုလို စာဝေ၊ စာဖြန့်တာတွေ၊ စပရေးခေါ် မှုတ်ဆေးတွေနဲ့ စစ်အုပ်စု ဆန့်ကျင်ရေးစာတွေ ရေးသားတာတွေကို ပြည်သူတွေက နေ့စဉ်လိုလို ပြုလုပ်နေကြပြီး၊ အာဏာပိုင်တွေကလဲ အမြဲလိုက်လံ စောင့်ကြည့် ဖျက်ဆီးပစ်နေတယ်လို့ ရန်ကုန်မြို့ခံတွေက ပြောဆိုနေကြပါတယ်။■

## ကုလဋ္ဌာနေကိုယ်စားလှယ် မြန်မာနိုင်ငံမှ မနက်ဖြန်ထွက်ခွာရတော့မည်

**ဒီဗွီဘီ၊ ၃ ဒီဇင်ဘာ ၂၀၀၇**

မြန်မာနိုင်ငံဆင်းရဲမွဲတေမှုအကြောင်း အမှန်တိုင်း အစီရင်ခံစာရေးသားမိလို့ နယ်နှင်ခံထားရသူ ကုလသမဂ္ဂဋ္ဌာနေကိုယ်စားလှယ် ချားလ်ပီထရီ မနက်ဖြန်မှာ ရန်ကုန်ကနေ ထွက်ခွာရတော့မှာ ဖြစ်ပါတယ်။ အရင်လ ကုလသမဂ္ဂနှစ်ပတ်လည်နေ့မှာ မြန်မာနိုင်ငံဆင်းရဲမွဲတေမှုအကြောင်းနဲ့ နိုင်ငံတကာ အကူညီ အရေးပေါ် လိုအပ်နေတဲ့အကြောင်း အစီရင်ခံစာထုတ်မှုအပေါ် စစ်အစိုးရက အထူးမကျေမနပ်ဖြစ်ပြီး ဒီလ (၅) ရက် နောက်ဆုံးထားပြီး မြန်မာနယ်မြေ ကနေ ထွက်ခွာဖို့ သတိပေးထားပါတယ်။ သူ့နေရာမှာ ဘယ်သူအစား တာဝန်ယူမယ်၊ ပီထရီမရှိတဲ့နောက် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဂန်ဘာရီရဲ့ ခရီးစဉ်တွေ၊ အစီစဉ်တွေဘယ်လိုဖြစ်လာမယ်ဆိုတာတွေကိုတော့ မသိနိုင်သေးဘူးလို့ ရန်ကုန်ကလာတဲ့ အေဂျင်စီသတင်းတွေမှာ ရေးသားပါတယ်။ ■

## ဥပဒေကျောင်းသူ ရဲတပ်ရင်းမှ ပြန်လွှတ်လာ

**ဒီဗွီဘီ၊ ၂၈ နိုဝင်ဘာ ၂၀၀၇ (နော်စေးဖော)**

နအဖ အာဏာပိုင်များရဲ့ ဖမ်းဆီး ထိန်းသိမ်းတာကိုခံခဲ့ရတဲ့ တတိယနှစ် ဥပဒေ ကျောင်းသူ မအေးမြင့်မြတ် မှော်ဘီရဲတပ်ရင်း (၃) ကနေ ပြန်လွှတ်လာပါတယ်။ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်က မအေးမြင့်မြတ်ကို စက်တင်ဘာ ဆန္ဒပြပွဲနဲ့ပတ်သက်ပြီး အောက်တို ဘာ (၁၀) ရက်ကတည်းက အာဏာပိုင်တွေက နေအိမ်ကနေ ဖမ်းဆီးသွားခဲ့ပြီး၊ မနေ့ကမှ ပြန်လွှတ် ပေးလိုက်လို့ ည (၇) ခန့်မှာ အိမ်ကို ပြန်ရောက်ပါတယ်။ သူ့ကို အောက်တိုဘာ (၁၈) ရက်မှာ အင်းစိန်ထောင်ကနေ ပြန်လွှတ်ပေးလိုက်တယ် ဆိုလိုက်ပေမယ့် အိမ်ပြန်မရောက်ဘဲ မိသားစုနဲ့အဆက်အသွယ် ပြတ်သွားပါတယ်။ ကျိုက္ကဆံ စစ်ကြောရေးစခန်း၊ အင်းစိန်ထောင်နဲ့ ရဲတပ်ရင်း (၇) တို့မှာ အဆင့်ဆင့် ထိန်းသိမ်းခံခဲ့ရပြီးမှ ပြန်လွှတ်လာတာဖြစ်ပြီး၊ အရှေ့ပိုင်း တက္ကသိုလ်ပါမောက္ခချုပ်နဲ့ မော်ကွန်းထိန်းတို့ ရှေ့မှောက်မှာ ခံဝန်လက်မှတ် ရေးထိုးပေးခဲ့ရတယ်လို့ မအေးမြင့်မြတ်က ပြောပါတယ်။ ■

## ရခိုင်အဖွဲ့ချုပ်ဝင် (၂)ဦး ပြန်လွှတ်လာ

**ဒီဗွီဘီ ၊ ၀၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၇ နန်းခမ်းကယောက်**

ရခိုင်ပြည်နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် (၂)ဦးကို အာဏာပိုင်တွေက ပြီးခဲ့တဲ့ (၂၉) ရက်နဲ့ (၃၀) ရက်တွေမှာ စစ်တွေထောင်ကနေ အသီးသီး ပြန်လွှတ်ပေးလိုက်တယ်လို့ ရခိုင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။ (၂၉) ရက်နေ့က ပြန်လွှတ်လာသူတွေဟာ ရခိုင်ပြည်နယ် စည်းရုံးရေးအဖွဲ့ဝင်တွေဖြစ်ကြတဲ့ စစ်တွေမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရွှေထွန်းနဲ့ အတွင်းရေးမှူး ဦးအောင်ပန်းသာ တို့ဖြစ်ပါတယ်။ ■

## စာမျက်နှာ (၈) ကိုဌေးကြွယ်မိခင် ဈာပန အဆက် →

ဒီကနေ့ မိခင်ရဲ့ဈာပနကို လိုက်ပါပို့ဆောင်ခွင့်ရဖို့ မိသားစုဝင်တွေက အာဏာပိုင်တွေဆီမှာ ခွင့်ပြုချက် တောင်းခံခဲ့တာ မရခဲ့ပေမယ့် သောကြာနေ့တုန်းကတော့ မိခင်အလောင်းကို ကန်တော့ဖို့ အာဏာပိုင်တွေက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဌေးကြွယ်ကို ထိန်းသိမ်းခံနေရရာက ခေတ္တထွက်ခွင့်ပေးခဲ့တာပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဒီကနေ့ ဈာပနကို လိုက်ပါပို့ဆောင်သူတွေထဲက တဦးဖြစ်တဲ့ လူ့အခွင့်အရေးလှုပ်ရှား သူများကွန်ယက် (HRDP) အဖွဲ့က ဦးမြင့်အေးက ပြောပြရာမှာတော့

"ကိုဌေးကြွယ်ကို ထုတ်လာပြီးတော့ ရေဝေးမှာ သူ့အမေကို ကန်တော့ခိုင်းတယ်၊ ပြတယ်။ အဲဒီ ပြတဲ့ပုံ ကန်တော့နေတဲ့ပုံတွေကို ဓာတ်ပုံရိုက်တယ်။ ဓာတ်ပုံရိုက်ပြီးတော့ သူ့မိသားစုကို သွားပြပါတယ်"

ထိန်းသိမ်းခံနေရတဲ့ ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေးဟာ မကြာသေးခင်က ဆေးကုသခံယူနေရာက ကျန်းမာရေးအခြေအနေ ယိုယွင်းလာတာကြောင့် နေအိမ်ကိုပြန်ခေါ်လာခဲ့ပြီး ကြာသပတေးနေ့ညပိုင်းမှာပဲ ရန်ကုန်မြို့ နေအိမ်မှာ ကွယ်လွန်ခဲ့တာပါ။ မိခင်ဖြစ်သူ မဆုံးပါးခင်ကတည်းက ကိုဌေးကြွယ်နဲ့ တွေ့ဆုံခွင့်ရဖို့ မိသားစုက ပြည်ထဲရေးဌာနကို မေတ္တာရပ်ခံခဲ့ပေမယ့်လည်း ခွင့်မပြုခဲ့ဘူးလို့ မိသားစုနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေးဈာပန ဒီကနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ပြင်မှာရှိတဲ့ ရေဝေးသုသာန်မှာ ကျင်းပသင်္ဂြိုဟ်ခဲ့တာပါ။ ဒီဈာပနကို ရင်းနှီးသူမိတ်ဆွေတွေ၊ နိုင်ငံရေးအသိုင်းအဝိုင်းကလူတွေ လိုက်ပါပို့ဆောင်ခဲ့ကြတယ်လို့လည်း ဦးမြင့်အေးက ပြောပါတယ်။

"သူ့မိတ်ဆွေတွေလည်းများပါတယ်၊ လုပ်ဖော်ကိုင်ဘက်တွေလည်း လာပါတယ်၊ သူတို့ ကျောင်းသားအုပ်စုတွေကလည်း လာပါတယ်။ ကားတွေကတော့ ၄ နေရာက ထွက်တယ်။ စမ်းချောင်းက ၂ နေရာ ပေါ့။ ဂန္ဓမာလမ်းရယ်၊ ညောင်တုန်းလမ်းရယ်၊ ပြီးတော့ တက္ကသိုလ်ရိပ်သာလမ်းထောင့်ရယ်၊ အင်းယားလမ်းသွယ်ထဲကရယ်၊ ၄ နေရာကနေ ကားတွေကြိုပေးပါတယ်။ နောက် အဲန်အယ်လ်ဒီရုံးကလည်း လာပါ တယ်။ ကျနော်တွေ့တာတော့ အဲန်အယ်ယ်ဒီဗဟိုကလည်း လာကြပါတယ်။ ပန်းခွေလည်း ပို့ပါတယ်။ ထင်ထင်ရှားရှားဆိုလို့ အန်ကယ်ဦးအုန်းမြင့်တော့ ရှိပါတယ်။ အမျိုးသားရေး ဦးဝင်းနိုင်လည်း ကျနော် တွေ့ပါတယ်"

ဒီကနေ့ ရေဝေးသုသာန်မှာကျင်းပတဲ့ ဈာပနအခမ်းအနားမှာ ထင်ထင်ပေါ်ပေါ်မဟုတ်ပေမယ့် အာဏာပိုင်တွေဘက်က စောင့်ကြည့်တာမျိုးတော့ ရှိခဲ့တယ်လို့လည်း ဦးမြင့်အေးက ဆိုပါတယ်။ ကိုဌေးကြွယ်ရဲ့မိခင်ဖြစ်သူ ဒေါ်မိမိလေး ကွယ်လွန်ချိန်မှာ အသက် ဖ၈ နှစ်အရွယ်ရှိပြီး ကိုဌေးကြွယ်အပါအဝင် သားသမီး ၃ ယောက်နဲ့ မြေး ၃ ယောက် ကျန်ရစ်ခဲ့ပါတယ်။ ■

# "|wykHrSwr;





နအဖ က မင်္ဂင်ကျောင်းရှိ သံဃာတော်များအား သာသနာပိုင်ကျောင်းအတွင်းမှ အတင်းအဓမ္မ မနှင်ထုတ်မီ နောက်ဆုံးကျင်းပဖြစ်ခဲ့သော ကထိန်းပွဲ ဓါတ်ပုံများ





ဂုဏ်ရည်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် မိခင်၏ဈာပနအခမ်းအနား ဓါတ်ပုံများ



## စည်းလုံးညီညွတ်ကြရန် (၉၂) နှစ်ပြည့်မွေးနေ့၌ လူထုဒေါ်အမာ တိုက်တွန်း

**ခေတ်ပြိုင်၊ ၂၉ နိုဝင်ဘာ ၂၀၀၇**

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ အသက် (၉၂) နှစ်ပြည့်မွေးနေ့ကို မန္တလေးမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက် ယနေ့ကျင်းပ၍ သံဃာတော်အပါး (၁) ထောင်ကို ဆွမ်းကပ်လှူဒါန်းကြောင်း မွေးနေ့ပွဲ တက်ရောက်သူတို့ကပြောကြားသည်။

မွေးနေ့ပွဲသို့ မောင်မိုးသူ၊ မောင်ဝံသ၊ ဒေါက်တာ ခင်မောင်ညို၊ ကျော်ရင်မြင့်၊ ကြည်အောင်၊ ကိုလေး၊ ထက်မြက် စသည့် စာပေအနုပညာရှင်များအပါအဝင် အနယ်နယ် အရပ်ရပ်မှ လူထု ဒေါ်အမာကို ချစ်ခင်လေးစားသူ (၃၀၀) ခန့်က ဒေါ်အမာကို လာရောက် ဂါရဝပြုကြကြောင်း သိရသည်။ အသက်အရွယ်ကြီးနေပြီဖြစ်သော်လည်း ကျန်းမာရွှင်လန်းဆဲရှိနေသည့် လူထုဒေါ်အမာက "အမေ့မွေးနေ့က (၉၂) နှစ်ပြည့်တဲ့မွေးနေ့၊ တနှစ်ပိုပြီးတော့အိုဦးမှာပေ့ါ၊ အိုတဲ့အတွက် ဘာမှ မကောင်းဘူးလေ၊ နားရော မျက်စိရော ဘာရော အိုတာပဲ၊ ဒါပေမယ့်

**စာမျက်နှာ (၈) ကော်လံ (၂)သို့ ↗**

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "